# ဖက်ဒရယ်စနစ် အခြေခံ

ဖက်ဒရယ်စနစ်၏ မရှိမဖြစ်
အခြေခံသဘောတရားများ
မိတ်ဆက်

**ပုံနှိပ်တိုက်အမည်**

အေးလင်းရောင်ပုံနှိပ်တိုက် (မြဲ – ၀၁၅၂၁)
အမှတ် (၁၁/ ဒီ)၊ ၅၅ လမ်း၊ အလယ်ဘလောက်၊
(၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**
**မုခ်ဦးစာပေ**

အမှတ် **(**105-A**)**၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၉၀ ၇၈၃ ၃၆၄၊ ၀၉ ၄၀၄ ၀၆၀ ၉၃၁

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀
ဇူလိုင်လ၊ ၂၀၂၂ ခုနှစ်
တန်ဖိုး – ၃၀၀၀ ကျပ်

၃၂၀

**Michael Breen, Khin Zaw Win**
ဖက်ဒရယ်စနစ်အခြေခံ – ဖက်ဒရယ်စနစ်၏ မရှိမဖြစ် အခြေခံသဘောတရားများ မိတ်ဆက်
ဘာသာပြန် – အောင်ကျော်ဖြိုး
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၂၂။
စာမျက်နှာ – ၆၇ စာ၊ ၃၀ စင်တီမီတာ။

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to the Picture Acknowledgments at the back of the book.

# မာတိကာ


**အခန်း ၁ - ဖက်ဒရယ်စနစ်ဟူသည် အဘယ်နည်း** ............ ၁
၁.၁ တစ်ပြည်ထောင်နှင့် ဖက်ဒရယ်အစိုးရစနစ်များ ............ ၂
၁.၂ အစိုးရ၏ အင်စတီကျူးရှင်းများ ............ ၄
၁.၃ မြန်မာနိုင်ငံအစိုးရ၏ အင်စတီကျူးရှင်းများ (၂၀၁၁-၂၀၂၁) ............ ၆
၁.၄ ဖွဲ့စည်းပုံအခြေခံဥပဒေများ ............ ၁၀
၁.၅ အာဏာများကို ခွဲဝေခြင်း ............ ၁၂
**နမူနာဖြစ်ရပ်လေ့လာချက် - မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ** ............ ၁၄
**အခန်း ၂ - ဖက်ဒရယ်စနစ်သို့ ဦးတည်ရာလမ်းကြောင်းများ** ............ ၁၇
၂.၁ ဖက်ဒရယ်ဝါဒဆီသို့ ဦးတည်သည့် သမိုင်းဝင်လမ်းကြောင်းများ ............ ၁၈
၂.၂ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စနစ် ............ ၂၀
**နမူနာဖြစ်ရပ်လေ့လာချက် - သီရိလင်္ကာမှ ဖက်ဒရယ်စနစ်ဆီသို့ ခြေလှမ်းများ** ............ ၂၂
၂.၃ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဆီသို့ ဦးတည်ခြင်း ............ ၂၄
၂.၄ မြန်မာနိုင်ငံရှိ အခြေခံဥပဒေများနှင့် ဖက်ဒရယ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ ............ ၂၆
၂.၅ ဖက်ဒရယ်စနစ်အပေါ် ကွဲပြားသည့်အမြင်များ ............ ၂၈
**အခန်း ၃ - ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ ကိစ္စရပ်များ** ............ ၃၁
၃.၁ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် ဖက်ဒရယ်ဒီဇိုင်း ............ ၃၂
၃.၂ ကိုယ်ပိုင်အမှတ်အသားလက္ခဏာနှင့် ဖက်ဒရယ်စနစ် ............ ၃၄
၃.၃ နိုင်ငံသားဖြစ်ခြင်းနှင့် ဖက်ဒရယ်စနစ် ............ ၃၈
၃.၄ မြန်မာနိုင်ငံ၏အမှတ်အသားလက္ခဏာနှင့် နိုင်ငံသားဖြစ်ခွင့် ............ ၄၀
၃.၅ တိုင်းပြုပြည်ပြုနယ်မြေများ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ ............ ၄၂
**နမူနာဖြစ်ရပ်လေ့လာချက် - နီပေါနိုင်ငံရှိ ပြည်နယ်များ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ** ............ ၄၄
၃.၆ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်များ အခြေခံသတ်မှတ်ပုံနှင့် နယ်နိမိတ်များ ............ ၄၆
၃.၇ ဖက်ဒရယ်ပုံစံ အာဏာခွဲဝေမှု ............ ၅၀
၃.၈ ဖက်ဒရယ်စနစ် မြန်မာနိုင်ငံ၏ အာဏာခွဲဝေမှု ............ ၅၃
၃.၉ ရွေးကောက်ပွဲစနစ်များနှင့် ဖက်ဒရယ်ပုံစံ ............ ၅၄
၃.၁၀ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲစနစ်များ ............ ၅၆
၃.၁၁ ဖက်ဒရယ်ပုံစံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ............ ၅၇
၃.၁၂ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ............ ၅၈
**ဖက်ဒရယ်စနစ် အနှစ်ချုပ်** ............ ၆၂
**ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် ကျန်ရှိနေသေးသော မေးခွန်းများ** ............ ၆၃
**ကျေးဇူးတင်လွှာ** ............ ၆၅

အခန်း – ၁

# ဖက်ဒရယ်စနစ်ဟူသည် အဘယ်နည်း

1

ဤအခန်းတွင် တစ်ပြည်ထောင်စနစ်နှင့် ဖက်ဒရယ်စနစ်များကို နှိုင်းယှဉ်ဖော်ပြထားပြီး၊ အစိုးရ၏ အင်စတီကျူးရှင်းများနှင့် ၎င်းတို့သည် ဖက်ဒရယ်စနစ်နှင့် မည်သို့ သက်ဆိုင်ကြောင်း၊ ဖက်ဒရယ်စနစ်များတွင် အာဏာခွဲဝေမှု၊ ဖက်ဒရယ်စနစ်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေများအကြား ဆက်စပ်မှုကို တင်ပြထားသည်။

ဤအခန်းအတွက် လမ်းညွှန်မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဖက်ဒရယ်စနစ်ဟူသည် အဘယ်နည်း။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အဘယ်ကြောင့် အရေးကြီးသနည်း။

၃။ ဖယ်ဒရယ်စနစ်တွင် အာဏာကို မည်သို့ခွဲဝေသနည်း။

# ၁.၁ တစ်ပြည်ထောင်နှင့် ဖက်ဒရယ်အစိုးရစနစ်များ

ဖက်ဒရယ်စနစ်ဆိုသည်မှာ နိုင်ငံတစ်ခုအတွင်းတွင် အစိုးရအဆင့် အနည်းဆုံး နှစ်ဆင့်ရှိသည့် အစိုးရစနစ်တစ်ခုဖြစ်သည်။ အစိုးရအဆင့် အသီးသီးတွင် ဥပဒေများ ပြဋ္ဌာန်းခွင့် သို့မဟုတ် အခွန်အတုတ် ကောက်ခံနိုင်ခွင့်စသည့် ၎င်းတို့ကြားတွင် ခွဲဝေထားသည့် လုပ်ပိုင်ခွင့် အာဏာများရှိကြသည်။ နိုင်ငံတစ်ဝန်းလုံးအတွက် ဗဟိုအာဏာပိုင် အဖွဲ့အစည်းတစ်ခုအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုအဆင့် အစိုးရနှင့် နိုင်ငံကို ပေါင်းစပ်ဖွဲ့စည်းထားသည့် တိုင်းပြုပြည်ပြုနယ်မြေ (သို့) တိုင်း/ပြည်နယ်တစ်ခုစီအတွက် အစိုးရများရှိသည်။ တိုင်းပြုပြည်ပြုနယ်မြေများကို ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင် ပြည်နယ်၊ တိုင်းဒေသကြီး (သို့) စီရင်စု စသဖြင့် အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။ ကမ္ဘာပေါ်တွင် အိန္ဒိယ၊ အမေရိကန်၊ မလေးရှား၊ ဂျာမနီ၊ ဘရာဇီးနှင့် နီပေါအပါအဝင် ဖက်ဒရယ်နိုင်ငံပေါင်း ၂၅ နိုင်ငံ ကျော်ရှိသည်။

ဖက်ဒရယ်စနစ်သည် တစ်ပြည်ထောင်စနစ်နှင့် ကွဲပြားသည်။ နိုင်ငံ၏ တစ်နံတစ်လျားလုံးအတွက် ဥပဒေများ ပြဋ္ဌာန်းပြီး အုပ်ချုပ်စီမံ နိုင်သော အစိုးရတစ်ရပ်သာရှိသည့် နိုင်ငံသည် တစ်ပြည်ထောင်စနစ် ရှိသော အစိုးရဖြစ်သည်။

နိုင်ငံအားလုံးနီးပါးတွင် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းကို အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ကြပါသည်။ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းဆိုသည်မှာ ဗဟိုအစိုးရအဆင့်အောက်ရှိ ဒေသဆိုင်ရာ အာဏာပိုင်များက စီမံအုပ်ချုပ်ခွင့်ရှိပြီး တစ်ခါတစ်ရံတွင် ဥပဒေများ နှင့် မူဝါဒများကိုပင် ချမှတ်နိုင်ခြင်းကို ဆိုလိုသည်။ သို့သော် တစ်ပြည်ထောင်စနစ်အတွင်းမှ ဒေသဆိုင်ရာ အာဏာပိုင်များသည် အဆိုပါ ဥပဒေများနှင့် မူဝါဒများကို လွှမ်းမိုးပယ်ဖျက်နိုင်သည့် ဗဟို အစိုးရ၏ ညွှန်ကြားမှုအောက်တွင် ရှိနေပါသည်။ တစ်ပြည်ထောင် စနစ် နိုင်ငံတစ်ခု၏ နေရာအသီးသီးရှိ ဒေသဆိုင်ရာ အာဏာပိုင်များကို ဗဟိုအစိုးရက အစိုးရ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက် ပိုင်ခွင့် ပေးထားပြီး ယင်းအခွင့်အရေးများကို အချိန်မရွေး ရုပ်သိမ်းပစ် နိုင်သည်။

ဖက်ဒရယ်စနစ်ကျင့်သုံးသည့် နိုင်ငံများတွင် ဘုံတူညီလေ့ရှိသည့် အင်္ဂါရပ်အချို့ရှိသည်။ ၎င်းတို့တွင် –


- ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံနှင့် တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများ၏ ဖက်ဒရယ်ဖွဲ့စည်းပုံနှင့် အာဏာများကို အာမခံ ပေးသည့် နိုင်ငံတစ်ခု၏ အခြေခံအုတ်မြစ်ဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ။
- နိုင်ငံကို ပေါင်းစပ်ဖွဲ့စည်းထားသည့် နယ်မြေဧရိယာများ ဖြစ်သည့် (ပြည်နယ်များ၊ တိုင်းဒေသကြီးများ သို့မဟုတ် စီရင်စု နယ်မြေများ ကဲ့သို့သော) တိုင်းပြုပြည်ပြုနယ်မြေများ။
- ၎င်းတို့ကိုယ်စားပြုသည့် ပြည်သူက တိုက်ရိုက်ရွေးကောက် တင်မြှောက်ထားသော အစိုးရအဆင့် အနည်းဆုံးနှစ်ဆင့်။
- ဖက်ဒရယ်အစိုးရနှင့် တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများအကြား ဥပမာအားဖြင့် ဥပဒေများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော် ရန် သို့မဟုတ် အခွန်ကောက်ခံရန် အာဏာခွဲဝေမှု။
- ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်များချရာတွင် ပြည်နယ်/ တိုင်းမှ ကိုယ်စားလှယ်များ ပါဝင်နိုင်စေသည့် လွှတ်တော်တစ်ရပ် (ပုံမှန်အားဖြင့် 'အထက်လွှတ်တော်') ပါဝင်သည့် လွှတ်တော် နှစ်ရပ်ရှိသော ပြည်ထောင်စုလွှတ်တော်။
- ပြည်ထောင်စုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေအဆင့်အကြား အခွန်ဘဏ္ဍာများ ဥပမာအားဖြင့်၊ အခွန်များမှရရှိသော ငွေများကို ခွဲဝေရန်နှင့် အခွန်ကောက်ခံခြင်း၊ ပြန်လည်ခွဲဝေခြင်းနှင့် စည်းမျဉ်းများမှတစ်ဆင့် စီးပွားရေးကို စီမံခန့်ခွဲရန်စနစ်။
- ပြည်ထောင်စုအဆင့်နှင့် တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရများ အကြား သို့မဟုတ် တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရ အချင်းချင်းကြား အငြင်းပွားမှုများကို ဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး သို့မဟုတ် ဝန်ကြီးများကောင်စီကဲ့သို့သော အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းစဉ်များ။

## ဖက်ဒရယ်စနစ်တွင်ရှိသည့် အစိုးရအဆင့်များ

ဖက်ဒရယ်အစိုးရတစ်ရပ်တွင်၊ တိုင်းပြုပြည်ပြုနယ်မြေများသည် ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေများနှင့် မူဝါဒများကို ချမှတ်ရန်နှင့် စီမံ အုပ်ချုပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားသော လုပ်ပိုင်ခွင့် အာဏာများရှိသည့် ၎င်းတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက်ထား သော အစိုးရများရှိသည်။ တိုင်းပြုပြည်ပြုနယ်မြေအတွင်းရှိ ပြည်သူများသည် ၎င်းတို့၏ အကျိုးစီးပွားများကို ဖက်ဒရယ် ပြည်ထောင်စုအဆင့်တွင် ကိုယ်စားပြုရန်အတွက် ပြည်ထောင်စုအစိုးရ တွင် ပါဝင်မည့် ကိုယ်စားလှယ်များကိုလည်း ရွေးချယ်ကြသည်။ ဖယ်ဒရယ်စနစ် ထိရောက်မှုရှိစေရန် ပြည်ထောင်စုနှင့် တိုင်းပြုပြည်ပြု နယ်မြေအဆင့် အစိုးရများသည် လက်တွဲဆောင်ရွက်ရန် လိုအပ်သည်။ သတင်းအချက်အလက်နှင့် ရန်ပုံငွေကို မျှဝေပြီး အစီအစဉ်များနှင့် မူဝါဒများကို ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

အချို့သော ဖက်ဒရယ်စနစ်များတွင် တိုင်းပြုပြည်ပြုနယ်မြေယူနစ်များ အတွင်း၌ ခရိုင် သို့မဟုတ် မြို့နယ်အဆင့်တွင် တတိယအလွှာ ရွေးကောက်ခံဒေသအစိုးရရှိတတ်သည်။ ဗဟိုအစိုးရ သို့မဟုတ် တိုင်းပြုပြည်ပြုနယ်မြေအဆင့်များ၏ အာဏာအောက်တွင် ဒေသ အစိုးရများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတိုင်းအတာမှာ အမျိုးမျိုး ကွဲပြားသည်။ နီပေါနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် ဥပဒေအချို့ကို ပြဋ္ဌာန်းခွင့်နှင့် စီမံအုပ်ချုပ်ခွင့်များ ဒေသအစိုးရအချို့တွင်ရှိသည်။

## ဖြစ်နိုင်ခြေရှိသော အစိုးရစနစ် ပုံစံသုံးမျိုး၏ သရုပ်ဖော်ပုံ




၁။ တစ်ပြည်ထောင်စနစ်နိုင်ငံ

၂။ သီးခြားနိုင်ငံများ

၃။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ

## ဖယ်ဒရယ်စနစ်၏ ပုံသဏ္ဍာန်ကို သရုပ်ဖော်ပုံ




ဒေသအဆင့်အစိုးရ

ဒေသအဆင့်အစိုးရ

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

၁။ တစ်ပြည်ထောင်စနစ်၏ အားသာချက်အချို့မှာ မည်သည့် အချက်များ ဖြစ်သည်ဟု သင်ယုံကြည်ပါသလဲ။

၂။ မည်သည့်အချက်များသည် ဖယ်ဒရယ်စနစ်၏ အားသာချက် အချို့ ဖြစ်နိုင်သည်ဟု သင်ယုံကြည်ပါသလဲ။

# ၁.၂ အစိုးရ၏ အင်စတီကျူးရှင်းများ

အစိုးရတစ်ရပ်တွင် နိုင်ငံတစ်နိုင်ငံကို ဦးဆောင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်သည့် လူများနှင့် အင်စတီကျူးရှင်းများ ပါဝင်သည်။ အစိုးရများသည် ဥပဒေများကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ အခွန်ကောက်ခံခြင်း၊ အရင်းအမြစ်များကို ဖြန့်ဖြူးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး သို့မဟုတ် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ဝန်ဆောင်မှုများကို စီမံအုပ်ချုပ်ခြင်းတို့ကို ပြုလုပ်သည်။ ဖက်ဒရယ်စနစ်တစ်ခုအတွင်း အစိုးရအဆင့်တိုင်းတွင် ဥပဒေပြုလွှတ်တော်များနှင့် အုပ်ချုပ်ရေးအဖွဲ့များစသည့် ကိုယ်ပိုင်အဖွဲ့အစည်းများ ရှိလေ့ရှိပါသည်။

ဒီမိုကရက်တစ်အစိုးရများနှင့် ဖက်ဒရယ်စနစ်များတွင် များသောအားဖြင့် အောက်ပါအဖွဲ့အစည်းများရှိသည် –

- **ဥပဒေပြုရေး** – ဥပဒေပြုလွှတ်တော်ကို အများအားဖြင့် ပါလီမန် (သို့) လွှတ်တော်ဟုသိကြသည်။ ဥပဒေပြုလွှတ်တော်သို့ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များသည် ဥပဒေကြမ်းများရေးဆွဲခြင်း၊ အချေအတင် ဆွေးနွေးခြင်း၊ ဥပဒေချမှတ်ခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်သည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ကို ရွေးကောက်တင်မြှောက်ထားသော မဲဆန္ဒနယ်များမှ ပြည်သူများ၏ ဆန္ဒများအတွက်လည်း အရေးဆိုနိုင်သည်။
- **အုပ်ချုပ်ရေး** – အုပ်ချုပ်ရေးအဖွဲ့၏ အဖွဲ့ဝင်များသည် ဥပဒေများကို အကောင်အထည်ဖော်ခြင်း၊ အစိုးရ၏ လုပ်ဆောင်ချက်များကို လမ်းညွှန်ထိန်းကြောင်းရန်နှင့် အစိုးရဝန်ဆောင်မှုများကို ကြီးကြပ်ရန် မူဝါဒများ ချမှတ်ခြင်းတို့ကိုပြုလုပ်သည်။ အုပ်ချုပ်ရေးအဖွဲ့များကို ရွေးချယ်ပုံ၊ ဖွဲ့စည်းပုံမှာ နိုင်ငံကိုလိုက်၍ ကွဲပြားသည်။ သမ္မတစနစ်တွင် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့သည် သီးခြားစီဖြစ်သည်။ သမ္မတသည် အများအားဖြင့် နိုင်ငံ့အကြီးအကဲဖြစ်သလို အစိုးရအကြီးအကဲလည်းဖြစ်သော်လည်း ဥပဒေပြုလွှတ်တော်၏ အဖွဲ့ဝင်မဟုတ်ပါ။ အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သည့် ဝန်ကြီးများသည် ရွေးကောက်တင်မြှောက်ခြင်းခံရသူများ မဖြစ်မနေ ဖြစ်ရန်မလို။ ပါလီမန်စနစ်တွင် အုပ်ချုပ်ရေးအဖွဲ့သည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းပြီး၊ ၎င်းတို့ကို တာဝန်ခံရသည်။ နိုင်ငံအတွက်သမ္မတ သို့မဟုတ် အခြားနိုင်ငံတော်အကြီးအကဲတစ်ဦးရှိလျှင် ၎င်းတို့သည် အများအားဖြင့် သင်္ကေတ ပြယုဂ်သက်သက်သာဖြစ်သည်။
- **တရားစီရင်ရေး** – တရားစီရင်ရေးမဏ္ဍိုင်သည် ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို အနက်ဖွင့်ဆို၍ လိုက်နာစေရန် ဆောင်ရွက်သည်။ ၎င်းကို တရားသူကြီးများနှင့် တရားရုံးများမှတစ်ဆင့် လုပ်ဆောင်သည်။ နိုင်ငံတစ်နိုင်ငံတွင် ဒေသဆိုင်ရာ တရားရုံးများ၊ တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်များကဲ့သို့သော တရားရုံးအဆင့်အမျိုးမျိုးရှိလေ့ရှိသည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းအဆင့် အစိုးရများအကြား သို့မဟုတ် တိုင်း/ပြည်နယ်အစိုးရ အချင်းချင်းကြား အငြင်းပွားမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စည်းမျဉ်းများကို အနက်ပြန်ဆိုသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးလည်း ရှိနိုင်ပါသည်။ တရားစီရင်ရေးမဏ္ဍိုင်ရှိ တရားသူကြီးများကို ဂရုတစိုက်ရွေးချယ်ပြီး ကာလရှည်ကြာစွာ တာဝန်ပေးအပ်လေ့ ရှိပါသည်။ နှစ်အနည်းငယ်ကြာလျှင် တစ်ကြိမ်ပြောင်းလဲတတ်သော ဥပဒေပြုလွှတ်တော်များ သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့များ၏ နိုင်ငံရေးအရ လွှမ်းမိုးမှုကို လျော့ပါးစေရန်ဖြစ်သည်။
- **အစိုးရ၏ မဏ္ဍိုင်များအကြား အာဏာခွဲဝေခြင်း** – ဆိုလိုသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်တစ်ရပ်ရပ်က အစိုးရတစ်ရပ်တွင်ရှိသော အာဏာအားလုံးကို ချုပ်ကိုင်ထားခြင်း မရှိခြင်းကို ဆိုလိုသည်။ အစိုးရမဏ္ဍိုင်များအကြားတွင် (အပြန်အလှန်) ထိန်းကျောင်းမှုများနှင့် (၎င်းတို့၏ အာဏာများအကြား) ချိန်ညှိမှုများရှိကြသည်။ ပါလီမန်စနစ်များနှင့် နိုင်းယှဉ်ပါက ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များကြား ယှက်နွယ်မှုနည်းပါးသဖြင့် သမ္မတစနစ်များသည် အာဏာခွဲဝေမှုကို ပိုမိုပြတ်သားမှုရှိစေသည်။ သို့ရာတွင် အခြားမဏ္ဍိုင်နှစ်ခုမှ တရားစီရင်ရေးမဏ္ဍိုင်၏ လွတ်လပ်မှုကို ဒီမိုကရေစီစနစ်အားလုံး၏ အဓိကအရေးအကြီးဆုံးအချက်အဖြစ် မှတ်ယူသည်။
- **အရပ်ဘက် (ပြည်သူ့) ဝန်ဆောင်မှု** – ပြည်သူ့ဝန်ဆောင်မှုသည် အစိုးရ၏ ဥပဒေများ၊ ဝန်ဆောင်မှုများနှင့် မူဝါဒများကို စီမံလုပ်ဆောင်သည်။ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရ၏ အမြဲတမ်းဝန်ထမ်းဖြစ်လေ့ရှိကြသည်။ ၎င်းတို့သည် ဌာနဆိုင်ရာ အကြီးအကဲများမှစ၍ အုပ်ချုပ်ရေးမှူးများ၊ ဆရာ/မများစသဖြင့် အထိ ပါဝင်နိုင်သည်။ နိုင်ငံတစ်နိုင်ငံကို စီမံအုပ်ချုပ်ရာတွင် ပြတ်တောက်ဆိုင်းငံ့မှုမရှိစေရန် ဥပဒေပြုလွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲများ မည်သို့ပင်ရှိစေကာမူ အရပ်ဘက်ဝန်ထမ်းများသည် များသောအားဖြင့် ၎င်းတို့ ရာထူးများတွင်သာ ဆက်လက်တာဝန်ယူကြရသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သူဝန်ကြီးများသည် ဥပဒေပြုလွှတ်တော်၏ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်များလည်းဖြစ်သည့် ပါလီမန်စနစ်ကို ပိုမိုသဘောကျသလား။ သို့မဟုတ် အုပ်ချုပ်ရေးတွင် ဝန်ကြီးများကို သီးခြားရွေးချယ်သည့် သမ္မတစနစ်ကို ပိုမိုနှစ်သက်ပါသလား။ အဘယ်ကြောင့်နည်း။

# အစိုးရအဖွဲ့၏ ကိုင်းခွဲ (သို့) မဏ္ဍိုင်သုံးရပ်



## ၁.၃ မြန်မာနိုင်ငံအစိုးရ၏ အင်စတီကျူးရှင်းများ (၂၀၁၁– ၂၀၂၁)

မြန်မာနိုင်ငံ၏ အသစ်လွင်ဆုံးသော အစိုးရဖွဲ့စည်းပုံသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် အခြေခံထားသည်။ ၎င်းသည် တစ်စိတ်တစ်ပိုင်း သမ္မတစနစ်ဖြစ်ပြီး ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဥပဒေပြုလွှတ်တော်များ ပါဝင်သည်။ ပြည်ထောင်စုအဆင့် ဥပဒေပြုလွှတ်တော် (ပြည်ထောင်စုလွှတ်တော်) တွင် လွှတ်တော်နှစ်ရပ်ပါဝင်သည်။ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) တွင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၃၃၀ မှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦးတို့ကို ခန့်အပ်ထားသည်။ လူမျိုးစုများ၏ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦးရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီမှနှစ်ဦး၊ ခန့်အပ်ထားသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး ပါဝင်သည်။

ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုလွှတ်တော်များသည် လွှတ်တော်တစ်ရပ်တည်းဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီ၏ မြို့နယ်တစ်ခုစီမှ ကိုယ်စားလှယ်နှစ်ဦးကို ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုလွှတ်တော်တွင် ရွေးချယ်တင်မြှောက်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၀.၁% ကျော် ရှိသော်လည်း သတ်မှတ်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအတွင်း လူနည်းစုဖြစ်နေသည့် တိုင်းရင်းသားအဖွဲ့များသည် တိုင်းရင်းသားကိုယ်စားလှယ်ကို မဲပေးနိုင်သည်။

ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့ကို လွှတ်တော်နှစ်ရပ်စလုံးမှ ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်သမ္မတသည် လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ်များမှသော်လည်းကောင်း၊ ပြည်သူလူထုထဲမှ ခန့်အပ်ခံအဖွဲ့ဝင်များမှသော်လည်းကောင်း ဝန်ကြီးများကို အမည်စာရင်းတင်သွင်းသည်။

နိုင်ငံတော်သမ္မတသည် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီအတွက် ပြည်နယ်ဝန်ကြီးချုပ်များကို ခန့်အပ်တာဝန်ပေးသည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုစီအတွက် အစိုးရအဖွဲ့တွင် ပါဝင်သည့် ဝန်ကြီးများကို ပြည်နယ်ဝန်ကြီးချုပ်များက အမည်စာရင်းတင်သွင်းသည်။ သတ်မှတ်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအတွင်း လူနည်းစုဖြစ်သည့် လူမျိုးစုအတွက် ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်သည် ထိုလူမျိုးစုအတွက် တိုင်းရင်းသားရေးရာဝန်ကြီးဖြစ်သည်။ ပြည်ထောင်စုအစိုးရတွင် ပါဝင်သည့် ကာကွယ်ရေး၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေးဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည်။

နိုင်ငံတော်အတိုင်ပင်ခံရာထူးကို ၂၀၁၆ ခုနှစ်တွင် စတင်ဖန်တီးခဲ့ပြီး အစိုးရအဖွဲ့တွင် အမှန်တကယ် လုပ်ပိုင်ခွင့်အာဏာများစွာရှိသည့်



ဝန်ကြီးချုပ်တစ်ဦးနှင့် အလားသဏ္ဍာန်တူသည့် ရာထူးတစ်ခုအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥပဒေပြုလွှတ်တော်၏ ရွေးကောက်တင်မြှောက်ခံထားရသူ အဖွဲ့ဝင်ဖြစ်ပြီး၊ ဥပဒေပြုလွှတ်တော်နှင့် အုပ်ချုပ်ရေးပိုင်း နှစ်ခုစလုံးတွင် လုပ်ဆောင်နိုင်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်အောက်တွင် တတိယအဆင့် ဒေသအစိုးရတစ်ရပ်အတွက် ပြဋ္ဌာန်းချက်များ မပါဝင်ပေ။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးကို အထွေထွေအုပ်ချုပ်ရေးဌာနခွဲ (ထွေအုပ်) က ဆောင်ရွက်ပေးခဲ့သည်။ ထွေအုပ်သည် စစ်တပ်က ထိန်းချုပ်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာနအောက်မှနေ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများအတွက် အရပ်ဘက်ဝန်ဆောင်မှုဌာန အဖြစ် ဆောင်ရွက်ခဲ့သည်။ ထွေအုပ်၏ လုပ်ငန်းများတွင် အခွန်နှင့် အခကြေးငွေများကောက်ခံခြင်း၊ လူဦးရေစာရင်းသွင်းခြင်း၊ မြေယာမှတ်ပုံတင်ခြင်းနှင့် ဒေသတွင်းအငြင်းပွားမှု ဖြေရှင်းခြင်းတို့ ပါဝင်သည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတွင် မြို့နယ်၊ ခရိုင်နှင့် တရားလွှတ်တော်များ၊ ပြည်ထောင်စုအဆင့် တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ ပါဝင်သည်။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတက တရားသူကြီးချုပ်ကို အမည်စာရင်းတင်သွင်းသည်။ နိုင်ငံတော်သမ္မတသည် တရားသူကြီးချုပ်နှင့် ဝန်ကြီးချုပ်တို့နှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တရားလွှတ်တော်များတွင် တရားသူကြီးများကို ခန့်အပ်သည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရန် ရည်ရွယ်ပြီး ပြည်ထောင်စု၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်များက အတည်ပြုသည့် လုပ်ဆောင်ချက် သို့မဟုတ် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိကို ဆုံးဖြတ်သည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ခုံရုံးအဖွဲ့ဝင်များမှ နိုင်ငံတော်သမ္မတက ခန့်အပ်သည့် ဥက္ကဋ္ဌနှင့် တရားသူကြီးကိုးဦးပါဝင်သည်။

## ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် မြန်မာအစိုးရဖွဲ့စည်းပုံတွင် ဖက်ဒရယ်/ဒီမိုကရေစီဆန်သည်ဟု သင်ထင်သည့် အချက်များမှာ မည်သည့်အချက်များ ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၂။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် မြန်မာအစိုးရဖွဲ့စည်းပုံတွင် ဖက်ဒရယ်/ဒီမိုကရေစီမဆန်ဟု သင်ထင်သည့် အချက်များမှာ မည်သည့်အချက်များ ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

# မြန်မာအစိုးရဖွဲ့စည်းပုံ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်တွင် အခြေခံထားသည်)

## ဥပဒေပြုရေး

### ပြည်ထောင်စုအဆင့်

**ပြည်ထောင်စုလွှတ်တော်**

**အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)**

- လွှတ်တော်ကိုယ်စားလှယ် = ၂၂၄ ဦး
- ရွေးကောက်ခံအမတ် = ၁၆၈ ဦး
  (ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီမှ ၁၂ ဦးစီ)
- တပ်မတော်သားကိုယ်စားလှယ် = ၅၆ ဦး

**ပြည်ထောင်စုလွှတ်တော်**

**ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)**

- လွှတ်တော်ကိုယ်စားလှယ် = ၄၄၀ ဦး
- ရွေးကောက်ခံအမတ် = ၃၃၀ ဦး (မြို့နယ်တစ်ခုလျှင် တစ်ဦး)
- ခန့်အပ်ခံတပ်မတော်သား ကိုယ်စားလှယ်များ = ၁၁၀ ဦး

## ဥပဒေပြုရေး

### ပြည်နယ်/ တိုင်းဒေသကြီးအဆင့်

**ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များ (လွှတ်တော်တစ်ရပ်သာ ပါဝင်သည်)**

- ပြည်နယ်/ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦး။
- ပြည်နယ်/ တိုင်းဒေသကြီးအတွင်း လူများစုမဟုတ်ဘဲ၊ မြန်မာနိုင်ငံလူဦးရေ၏ ၀.၁ % ထက်များသော လူမျိုးစုတစ်စုလျှင် တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦး။
- ပြည်နယ်/ တိုင်းဒေသကြီးတစ်ခုစီရှိ လွှတ်တော်ကိုယ်စားလှယ်နေရာ အရေအတွက်၏ သုံးပုံတစ်ပုံနှင့် ညီမျှသည့် ခန့်အပ်ခံတပ်မတော်သား ကိုယ်စားလှယ်များ။

## အုပ်ချုပ်ရေး

- သမ္မတ – ရွေးကောက်ခံ ပြည်ထောင်စုလွှတ်တော် နှစ်ရပ်လုံးက ရွေးကောက်တင်မြှောက်သည်။
- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် – ၂၀၁၆ ခုနှစ်တွင် ဖန်တီးခဲ့သည့် ရာထူးဖြစ်ပြီး (ဝန်ကြီးချုပ်ကဲ့သို့) အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး နှစ်ခုစလုံးတွင် ကူးလူးလုပ်ဆောင်သည်။
- ပြည်ထောင်စုဝန်ကြီးများ – သမ္မတက (ဥပဒေပြု လွှတ်တော်မှ သို့မဟုတ် ပြည်သူထဲမှ) ခန့်အပ်သည်။
- ကာကွယ်ရေးဝန်ကြီးများ၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ – ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည်။

## တရားစီရင်ရေး

### တရားလွှတ်တော်ချုပ်

- သမ္မတက ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် တရားသူကြီးချုပ်ကို ခန့်အပ်သည်။
- အခြားတရားသူကြီးများကို သမ္မတနှင့် တရားသူကြီးချုပ်က ခန့်အပ်သည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး

- သမ္မတနှင့် တရားသူကြီးချုပ်က ခန့်အပ်သည့် ဥက္ကဋ္ဌ၊ သမ္မတက ခန့်အပ်သည့် တရားသူကြီးသုံးဦး၊ အထက်လွှတ်တော်က ခန့်အပ်သူသုံးဦးနှင့် အောက်လွှတ်တော်က ခန့်အပ်သူသုံးဦး။
- ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေများ ၎င်းနှင့် ကိုက်ညီမှုရှိမရှိ အနက်ဖွင့်ဆိုရန် ရည်ရွယ်သည်။

## အုပ်ချုပ်ရေး

- သမ္မတက ခန့်အပ်သည့် ဝန်ကြီးချုပ်များ။
- ဝန်ကြီးချုပ်များက ခန့်အပ်သည့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများ။
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။

## တရားစီရင်ရေး

- မြို့နယ်၊ ခရိုင်နှင့် တရားလွှတ်တော်များ။
- သမ္မတ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ခန့်အပ်ထားသော ပြည်နယ်/တိုင်းတရားလွှတ်တော် တရားသူကြီးချုပ်။
- ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ခန့်အပ်ထားသော အခြားတရားသူကြီးများ။




# ၁.၄ ဖွဲ့စည်းပုံအခြေခံဥပဒေများ

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေ၊ ဖွဲ့စည်းပုံနှင့် အစိုးရစနစ်တို့ကိုပြဋ္ဌာန်းသည်။ ၎င်းတွင် အစိုးရအဖွဲ့အစည်းများ၊ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းပုံနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထုံးစံအားဖြင့် အောက်ပါအချက်များ ပါဝင်သည်။

- **နိဒါန်း** – သမိုင်းကြောင်း အခင်းအကျင်း အကျဉ်းချုပ်နှင့် တိုင်းပြည်နှင့် ပြည်သူတို့၏ ရည်မှန်းချက်များ။
- **နိုင်ငံ၏ဖွဲ့စည်းပုံ** – ဖယ်ဒရယ်စနစ်၏ တိုင်းပြုပြည်ပြုနယ်မြေများ ဖြစ်ကြသည့် ပထဝီဝင်နယ်မြေများနှင့် ၎င်းတို့အား အုပ်ချုပ်ရေးပိုင်းအရ ဖွဲ့စည်းပုံ။
- **အစိုးရအင်စတီကျူးရှင်းများ** – အစိုးရအဖွဲ့အစည်းများ (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး) တို့ကို ဖွဲ့စည်းတည်ဆောက်ထားပုံ၊ ဥပဒေများ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းကဲ့သို့သော ၎င်းတို့၏ လုပ်ငန်းစဉ်များ (ရေးဆွဲလက်စဥပဒေကို ဥပဒေမူကြမ်းဟုခေါ်သည်) နှင့် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန်အတွက် ရွေးကောက်ပွဲစနစ်များ။
- **နိုင်ငံသားများ၏ အခွင့်အရေးများ** – အခြေအနေအများစုတွင် ဖယ်ရှားမရနိုင်သော နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကာအကွယ်ပေးထားသည့် အခွင့်အရေးများ။ ဥပမာ၊ လွတ်လပ်စွာ ပြောဆိုခွင့် သို့မဟုတ် လွတ်လပ်စွာ စုဝေးခွင့်။
- **ဖွဲ့စည်းပုံပြင်ဆင်ခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် နည်းလမ်း။ ဥပမာအားဖြင့် အပြောင်းအလဲကို လွှတ်တော်တွင်း ကိုယ်စားလှယ်အားလုံး၏ ၇၅% က သဘောတူရန် လိုအပ်ခြင်း။
- **အာဏာခွဲဝေမှု** – ဥပမာအားဖြင့် ဥပဒေများပြဋ္ဌာန်းရန် သို့မဟုတ် အခွန်များ တိုးကောက်ခံရန် အခွင့်အာဏာများကို ပြည်ထောင်စုနှင့် တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများအကြား ခွဲဝေခြင်း။

ဖက်ဒရယ်စနစ်တစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗဟိုအစိုးရ၏ ဖွဲ့စည်းပုံနှင့် တိုင်းပြုပြည်ပြုနယ်မြေများ၏ အခွင့်အာဏာအတွက် အခြေခံဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗဟိုအစိုးရတွင်ရှိသည့် အာဏာများ၊ တိုင်းပြုပြည်ပြုနယ်မြေများတွင်ရှိသည့် လုပ်ပိုင်ခွင့်အာဏာများနှင့် ၎င်းတို့အကြား အတူသုံးစွဲနိုင်သည့် အခွင့်အာဏာများကို ပြဋ္ဌာန်းထားသည်။ လုပ်ပိုင်ခွင့်အာဏာများဆိုသည်မှာ ဗဟိုအစိုးရ သို့မဟုတ် တိုင်းပြုပြည်ပြုနယ်မြေအစိုးရများက ဥပဒေများ ရေးဆွဲနိုင်ပြီး အခွန်များ တိုးမြှင့်ကောက်ခံပြီး၊ မူဝါဒများကို စီမံခန့်ခွဲနိုင်သည့် ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝအရင်းအမြစ်များကဲ့သို့သောအရာများကို ရည်ညွှန်းသည်။ ပုံမှန်အားဖြင့် အချို့သော သဘာဝအရင်းအမြစ်များ သို့မဟုတ် ပညာရေးစသည့် တစ်ခုခုအပေါ်တွင် ဥပဒေပြဋ္ဌာန်းရန် ဥပဒေပြုရေးလုပ်ပိုင်ခွင့်အာဏာများသည် ထိုဥပဒေများကို အကောင်အထည်ဖော်စီမံအုပ်ချုပ်ရန်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်အာဏာများလည်း ရှိမည်ဖြစ်သည်။

ပြည်ထောင်စု (သို့) တိုင်းပြုပြည်ပြုနယ်မြေ လွှတ်တော်များမှ ပြဋ္ဌာန်းသော ဥပဒေများသည် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်ရပါ။ ဗဟို (သို့) တိုင်းပြုပြည်ပြုနယ်မြေများသို့ ပေးအပ်




ထားသော၊ သို့မဟုတ် ၎င်းတို့အကြား မျှဝေသုံးစွဲရမည်ဖြစ်သော ဥပဒေပြုရေးနှင့် အခွန်ကောက်ခံခွင့် အာဏာများကို ပြည်ထောင်စု အခြေခံဥပဒေတွင် စာရင်းဖြင့် ပြဋ္ဌာန်းထားလေ့ရှိသည်။

အချို့သော ဖက်ဒရယ်စနစ်များအတွင်းရှိ တိုင်းပြုပြည်ပြုနယ်မြေများ တွင်လည်း ကိုယ်ပိုင်အခြေခံဥပဒေများရှိတတ်သည်။ ထိုအခြေခံဥပဒေ များသည် တိုင်းပြုပြည်ပြုနယ်မြေများ၏ လုပ်ပိုင်ခွင့်အာဏာများနှင့် ဝတ္တရားများကို ထပ်မံခွဲဝေပေးသည်။ သို့သော် ၎င်းတို့သည် ဗဟို ပြည်ထောင်စု အခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိရပါ။ တိုင်းပြု ပြည်ပြုနယ်မြေများ၏ အခြေခံဥပဒေများသည် ဒေသအလိုက် ဓလေ့ထုံးတမ်းဥပဒေများ၊ ယဉ်ကျေးမှုများ (သို့) လူနည်းစုဖြစ်သည့် လူမျိုးစုများကို အကာအကွယ်ပေးရာတွင် အားဖြည့်ပေးသည်။

အခြေခံဥပဒေများသည် 'ဥပဒေစိုးမိုးမှု' ဟူသည့် သဘောတရားတွင် အဓိကအချက်ပင်ဖြစ်သည်။ ၎င်းတို့သည် ဥပဒေ၏ အထက်တွင် မည်သူမျှရှိမနေခြင်း၊ အစိုးရလုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေခြင်း၊ အစိုးရအင်စတီးကျူးရှင်းများ၏ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေးများကို ကာကွယ်ပေးခြင်းတို့ကို ထောက်ကူအာမခံ ပေးသည်။

အချို့သော အခြေခံဥပဒေများသည် လူ့အဖွဲ့အစည်းအတွင်းတွင် အားနည်းနိမ့်ပါး လူအုပ်စုများ၏ အခွင့်အရေးများ၊ ကာကွယ်ခြင်းနှင့် ကိုယ်စားပြုခြင်းတို့ကို အာမခံပေးသည်။ ဥပမာ နီပေါ အခြေခံဥပဒေ တွင် ကျား/မတန်းတူညီမျှရေးကို လမ်းပြမှုအဖြစ် ထည့်သွင်းထားပြီး တိတိကျကျ သတ်သတ်မှတ်မှတ် ဖော်ပြထားသည့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးများ၏ အခွင့်အရေးများ ပါဝင်သည်။ ၎င်းက အမျိုးသမီးများနှင့် မသန်စွမ်းသူများအတွက် ပြည်ထောင်စု ပါလီမန်တွင် အနိမ့်ဆုံးရှိရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ကိုလည်း အာမခံထားသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဤအချက်တစ်ခုစီသည် မည်သည့်အတွက်ကြောင့် အခြေခံ ဥပဒေတွင် ပါဝင်သင့်သနည်း။

၁။ နိုင်ငံသားများ၏ မူလအခွင့်အရေးများ။
၂။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ။
၃။ ဥပဒေပြဋ္ဌာန်းခြင်းအတွက် လုပ်ငန်းစဉ်များ။
၄။ ပြည်ထောင်စုနှင့် တိုင်းပြုပြည်ပြုနယ်မြေများအကြား ဥပဒေပြုအာဏာများ ခွဲဝေမှု။
၅။ အခြေခံဥပဒေကို ပြင်ဆင်ရန်နည်းလမ်း။

# ၁.၅ အာဏာများကို ခွဲဝေခြင်း

ဥပဒေပြုအာဏာများကို ခွဲဝေခြင်းသည် ဖက်ဒရယ်စနစ်၏ အရေးအကြီးဆုံး အစိတ်အပိုင်းများထဲမှတစ်ခုဖြစ်သည်။ ဥပမာ မလေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗဟိုပြည်ထောင်စု အစိုးရအတွက် ဥပဒေပြုရန်စာရင်း၊ ပြည်နယ်များအတွက် ဥပဒေပြုရန် စာရင်းနှင့် စင်ပြိုင်ကျင့်သုံးသော (ဝေမျှကျင့်သုံးသော) စာရင်းတို့ ပါဝင်သည်။

ဖက်ဒရယ်အစိုးရကိုသော်လည်းကောင်း၊ တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများကိုသော်လည်းကောင်း သီးခြားအပ်နှင်းထားခြင်းမရှိသော သို့မဟုတ် ၎င်းတို့ကြားတွင် ခွဲဝေထားခြင်းမရှိသော အာဏာများကို ကြွင်းကျန်အာဏာများ (residual powers) ဟုခေါ်သည်။ အမေရိကန် နှင့် ပါကစ္စတန်တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြည်ထောင်စု အာဏာများစာရင်းသာရှိပြီး ကြွင်းကျန်အာဏာများသည် ပြည်နယ် အစိုးရများ၏ လုပ်ပိုင်ခွင့်ဖြစ်သည်။ အိန္ဒိယ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြည်ထောင်စုအဆင့် သို့မဟုတ် တိုင်းပြုပြည်ပြုနယ်မြေ များသို့ အပ်နှင်းထားခြင်း မရှိသော သို့မဟုတ် ၎င်းတို့အကြား ခွဲဝေ မထားသော ကြွင်းကျန်အာဏာများသည် ပြည်ထောင်စုအဆင့်၏ လုပ်ပိုင်ခွင့်ဖြစ်သည်။

ဖက်ဒရယ်အစိုးရ၏ အာဏာများသည် ထုံးစံအားဖြင့် ကာကွယ်ရေး၊ နိုင်ငံတကာကုန်သွယ်ရေး၊ ငွေကြေး၊ အခြားနိုင်ငံများနှင့် ဆက်ဆံရေး တို့အတွက် တာဝန်တို့ပါဝင်သည်။ တိုင်းပြုပြည်ပြုနယ်မြေအဆင့် အစိုးရအာဏာများတွင် လမ်းများ၊ သဘာဝအရင်းအမြစ်များ သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှုများအတွက် တာဝန်ရှိခြင်း ကဲ့သို့သော နယ်ပယ်များစွာ ပါဝင်နိုင်သည်။ တင်းပြည့်ကျပ်ပြည့် ဖက်ဒရယ်စနစ်တစ်ခုတွင်၊ အစိုးရအဆင့်တိုင်းတွင် ၎င်းတွင်ရှိသည့် လုပ်ပိုင်ခွင့်အာဏာများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ထားသည့် အခွင့်အရေးများရှိသည်။

စင်ပြိုင်ကျင့်သုံးနိုင်သော အာဏာများကို အစိုးရအဆင့်များအကြား မျှဝေကျင့်သုံးကြသည်။ အခွန်အမျိုးမျိုးတွက် လုပ်ပိုင်ခွင့်အာဏာ များနှင့်ဆိုင်သည့် ကိစ္စမှာ ဤအတိုင်းပင်ဖြစ်သည်။ ပြည်ထောင်စု အစိုးရသည် တစ်ဦးချင်းဝင်ငွေခွန်ကို ကောက်ခံရန် အာဏာရှိသည်။ လူများသည် တစ်ပြည်နယ်မှ တစ်ပြည်နယ်ပြောင်းရွှေ့ကာ အလုပ်လုပ်ကြသဖြင့် ၎င်းတို့၏ ဝင်ငွေခွန်များကို ပြည်ထောင်စု အစိုးရအနေဖြင့် ကောက်ခံခြင်းက ပိုမိုလွယ်ကူသည်။

အခြားတစ်ဖက်တွင်မူ တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများသည် လမ်းတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ငွေသုံးစွဲ ရာတွင် အထောက်အကူဖြစ်စေသောကြောင့် ၎င်းတို့၏ နယ်မြေများရှိ လမ်းများပေါ်တွင် အခွန်ကောက်ခံရန် အခွင့်အာဏာရှိကြသည်။ အိန္ဒိယ၊ မလေးရှား၊ တောင်အာဖရိကနှင့် အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ဖက်ဒရယ်နှင့် တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများအကြား ခွဲဝေထားသည့် စင်ပြိုင်ကျင့်သုံးနိုင်သည့် အာဏာ စာရင်းများ ပါဝင်သည်။

အချို့သော ဖက်ဒရယ်အစိုးရစနစ်များတွင် အစိုးရအဆင့်တစ်ဆင့်က အခြားအစိုးရအဆင့်ကို အချို့သော လုပ်ပိုင်ခွင့်အာဏာများအား ၎င်းတို့ကိုယ်စားကျင့်သုံးနိုင်ခွင့်ကို ခွင့်ပြုနိုင်သည့် လုပ်ငန်းစဉ် ရှိကြသည်။ မလေးရှားနှင့် အိန္ဒိယပြည်နယ်အစိုးရများသည် အချို့သော အခြေအနေများတွင် ပြည်နယ်လုပ်ပိုင်ခွင့်အာဏာအချို့ကို ပြည်ထောင်စုအဆင့်အစိုးရအား ကျင့်သုံးခွင့်ပြုနိုင်သည်။ ဂျာမနီ နိုင်ငံတွင် ပြည်ထောင်စုအဆင့်အစိုးရက ပြည်ထောင်စုအဆင့် အာဏာအချို့ကို တိုင်းပြုပြည်ပြုအဆင့်အစိုးရများအား ကျင့်သုံးခွင့် ပြုနိုင်သည်။


### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

၁။ ဖက်ဒရယ်စနစ်တစ်ခုတွင် ပြည်ထောင်စုအဆင့်က ရရှိသင့်သည့် အာဏာအချို့မှာ မည်သည်တို့ဖြစ်သည်ဟု သင်ထင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

၂။ ဖက်ဒရယ်စနစ်တစ်ခုတွင် တိုင်းပြုပြည်ပြုနယ်မြေ အဆင့်က ရရှိသင့်သည့် အာဏာအချို့မှာ မည်သည်တို့ ဖြစ်သည်ဟု သင်ထင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

၃။ ဖက်ဒရယ်စနစ်တစ်ခုတွင် မျှဝေကျင့်သုံးရန်သင့်သော အာဏာအချို့မှာ မည်သည်တို့ဖြစ်သည်ဟု သင်ထင်ပါ သနည်း။ အဘယ်ကြောင့်နည်း။

# အာဏာခွဲဝေပုံ နမူနာ


ပြည်ထောင်စုအစိုးရသို့
အပ်နှံထားသော
အာဏာများ
(ဥပမာ - ကာကွယ်ရေး၊
ငွေကြေး စသည် )
စင်ပြိုင်
ကျင့်သုံးသော
(မျှဝေ ကျင့်သုံးသော)
အာဏာများ
ဥပမာ - အခွန်များ
တိုင်းပြုပြည်ပြု
နယ်မြေများသို့
အပ်နှံထားသော
အာဏာများ
(ဥပမာ - ကျန်းမာရေး၊
ပညာရေး စသည်)
ဥပမာ - ဝင်ငွေခွန်
ဥပမာ - လမ်းခွန်

# မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ

မလေးရှားနိုင်ငံ ဖက်ဒရစ်စနစ်၏ ဖက်ဒရယ်ဖွဲ့စည်းပုံသည် ဗြိတိသျှကိုလိုနီအဖြစ် အုပ်ချုပ်စဉ်အတွင်း စုစည်းခဲ့သည့် စူလတန်ဘုရင်များ အုပ်စိုးသည့် မလေးပြည်နယ်များမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ မလေးကျွန်းဆွယ်ပေါ်ရှိ နယ်မြေများသည် ၁၉၅၇ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် မလာယာဖက်ဒရေးရှင်းကို ဖွဲ့စည်းခဲ့သည်။ စင်္ကာပူနှင့် အရှေ့မလေးရှားပြည်နယ်များဖြစ်သော ဆာဘားနှင့် ဆာရာဝက်ပြည်နယ်များက ဖက်ဒရေးရှင်းတွင် ပါဝင်လာသည့်အခါ မလေးရှားနိုင်ငံကို ၁၉၆၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် ၁၉၆၅ ၌ စင်္ကာပူကို ဖက်ဒရေးရှင်းမှ ထုတ်ပယ်ခဲ့သည်။

မလေးရှားသည် ပြည်နယ် ၁၃ ခု၊ ပြည်ထောင်စုနယ်မြေ ၃ ခုဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတွင် စည်းမျဉ်းခံဘုရင်စနစ်နှင့် ပါလီမန်အစိုးရစနစ်ရှိသည်။ မလေးရှားနိုင်ငံ၏ ဘုရင် (Agong) ရာထူးသည် ပြည်နယ်များ၏ စူလတန်များထဲမှ အလှည့်ကျရွေးချယ်သည့် အထူးသဖြင့် ပြယုဂ်ရာထူးတစ်ခုဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရ၏ အကြီးအကဲဖြစ်သည်။ ဝန်ကြီးချုပ်ဦးဆောင်သော အုပ်ချုပ်ရေးအာဏာသည် ပြည်ထောင်စုပါလီမန်၏ လွှတ်တော်နှစ်ရပ်လုံးမှ ရွေးချယ်ထားသော ဝန်ကြီးများနှင့် အစိုးရအဖွဲ့တွင်ရှိသည်။

မလေးရှားတွင် အောက်လွှတ်တော်နှင့် ဆီးနိတ် (အထက်လွှတ်တော်) တို့ ပါရှိသည့် လွှတ်တော်နှစ်ရပ်ပါဝင်သည့် ဖက်ဒရယ်ပါလီမန်ရှိသည်။ အောက်လွှတ်တော်၏ ကိုယ်စားလှယ် ၂၂၂ ဦးကို ကိုယ်စားလှယ်တစ်ဦးတည်းခရိုင်များ (single member districts) မှ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ အထက်လွှတ်တော်တွင် အဖွဲ့ဝင် ၇၀ ရှိပြီး သုံးနှစ်သက်တမ်းရှိသည်။ ၂၆ ဦးကို ပြည်နယ်လွှတ်တော် ၁၃ ခုမှ တိုက်ရိုက်ရွေးချယ်ပြီး ကျန် ၄၄ နေရာကို ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် ဘုရင်ကခန့်အပ်သည်။

ပြည်နယ် ၁၃ ခုလုံးတွင် လွှတ်တော်တစ်ရပ်သာပါဝင်သည့် ဥပဒေပြုလွှတ်တော်တစ်ရပ်စီရှိသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ကိုယ်စားလှယ်တစ်ဦးတည်း ကိုယ်စားပြုမဲဆန္ဒနယ်များမှ ရွေးကောက်တင်မြှောက်သည်။ ပြည်နယ်ဥပဒေပြု လွှတ်တော်များသည် ပြည်နယ်ဥပဒေများကို ပြဋ္ဌာန်းနိုင်ပြီး၊ ပြည်နယ်လွှတ်တော်တွင် အများစုအနိုင်ရသည့် နိုင်ငံရေးပါတီက ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ ပြည်နယ် ၁၃ ခုအနက် ၉ ခုတွင် ဒေသဆိုင်ရာ အကြီးအကဲအဖြစ် ဆောင်ရွက်သည့် အစဉ်အလာ မျိုးရိုးအရိုက်အရာကို ဆက်ခံသူ စူလတန်မှခန့်အပ်သည့် ဝန်ကြီးချုပ်တစ်ဦးက အစိုးရအုပ်ချုပ်ရေးကို ဦးဆောင်သည်။ အခြားပြည်နယ် လေးခုတွင် ဒေသခံမျိုးရိုးအရိုက်အရာ ဆက်ခံသူခေါင်းဆောင် မရှိပါ။ ထိုပြည်နယ်များတွင် ဘုရင်ခံတစ်ဦးကို ဘုရင်က ခန့်အပ်ပြီး ဘုရင်ခံက ဝန်ကြီးချုပ်ကို ခန့်အပ်သည်။

မလေးရှားဖက်ဒရယ်စနစ်တွင် ပြည်နယ်များအတွင်း၌ ဒေသအစိုးရများလည်း ရှိသေးသည်။ ၁၉၆၅ တွင် ဒေသအစိုးရ ရွေးကောက်ပွဲများကို အရေးပေါ်ဥပဒေဖြင့် ရပ်ဆိုင်းခဲ့သည်။ ထိုအချိန်မှစ၍ ဒေသအစိုးရများကို ပြည်နယ်အစိုးရများက ခန့်အပ်လာခဲ့ပြီး၊ ထိုအစိုးရအဖွဲ့များကို ခန့်အပ်ခံအစိုးရဝန်ထမ်းတစ်ဦးက ခေါင်းဆောင်သည်။ ၎င်းတို့တွင် အခွန်ကောက်ခံရန် အခွင့်အာဏာရှိပြီး နည်းဥပဒေပုံစံဖြင့် အချို့သော ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော်များအတွက် ရွေးကောက်ပွဲတွင် မဲအများဆုံးရသူအနိုင်ရစနစ် (FPTP) ရွေးကောက်ပွဲစနစ်ကို အသုံးပြုသည်။ မလေးရှားနိုင်ငံ၏ ခေတ်သစ်သမိုင်း ကာလများစွာတွင် ပြည်နယ်အများစုကို နိုင်ငံရေးပါတီများ၏ နိုင်ငံအနှံ့ ညွန့်ပေါင်းမဟာမိတ်အဖွဲ့က ဖွဲ့စည်းထားသော အစိုးရများက အုပ်ချုပ်ခဲ့ကြသည်။ အကျိုးဆက်အရ ပြည်နယ်များသည် ထိုညွန့်ပေါင်းမဟာမိတ်၏ ဗဟိုချုပ်ကိုင်မှုရှိသော နိုင်ငံရေးအရ ထိန်းချုပ်မှုကြောင့် ပြည်နယ်များသည် တစ်စုတည်း တစ်ပေါင်းတည်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ၎င်းသည် ပြည်ထောင်စုပါလီမန်တွင် သုံးပုံနှစ်ပုံ အသာစီးကို မကြာခဏအနိုင်ရရှိခဲ့ပြီး ၎င်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်နိုင်စေခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ထိုအချက်သည် ပြောင်းလဲလာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဖက်ဒရယ်ပါလီမန်အတွက် ရွေးကောက်ပွဲများတွင် ညွန့်ပေါင်းမဟာမိတ်အသစ်တစ်ခု အနိုင်ရခဲ့သည်။

## နမူနာပြဖြစ်ရပ် လေ့လာချက်

# မလေးရှား





# အခန်း (၁)
# ဖတ်ပြီးနောက် စဉ်းစားရန်

ဖက်ဒရယ်စနစ်တစ်ခုအတွင်းတွင် ပြည်ထောင်စုအဆင့်အစိုးရနှင့် တိုင်းပြုပြည်ပြုနယ်မြေ အစိုးရများအကြား ဆက်ဆံရေးတွင် မည်သည်က အဓိက အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

## အခန်း – ၂

# ဖက်ဒရယ်စနစ်သို့ ဦးတည်ရာ လမ်းကြောင်းများ

2

ဤအခန်းတွင် ဖက်ဒရယ်စနစ် အမျိုးအစားများနှင့် ၎င်းတို့ တည်ထောင်ဖွဲ့စည်းခြင်းသို့ ဦးတည်စေသည့် နောက်ခံသမိုင်းကြောင်း တွန်းအားများကို ကြည့်ရှုမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆီသို့ ဦးတည်သည့် လမ်းကြောင်းအပေါ် လွှမ်းမိုးမှုရှိသည့် အကြောင်းရင်းများနှင့် ၎င်းတို့အပေါ် ကွဲပြားသော အမြင်များကိုလည်း ထည့်သွင်း စဉ်းစားမည်ဖြစ်ပါသည်။

ဤအခန်းအတွက် လမ်းညွှန်မေးခွန်းများမှာ -

၁။ ဖယ်ဒရယ်စနစ်များ ဖွဲ့စည်းပေါ်ပေါက်လာခြင်းဆီသို့ မည်သည့်အချက်များက ဦးတည်စေသနည်း။

၂။ မတူညီသော ဖက်ဒရယ်စနစ် အမျိုးအစားများကို သမိုင်းက မည်သို့လွှမ်းမိုးခဲ့သနည်း။

# ၂.၁ ဖက်ဒရယ်ဝါဒဆီသို့ဦးတည်သည့် သမိုင်းဝင်လမ်းကြောင်းများ

ဖက်ဒရယ်စနစ်များသည် နိုင်ငံတစ်နိုင်ငံ၏ အတိတ်တွင် အခြေခံလေ့ရှိသည်။ ဖက်ဒရယ်စနစ်များ ဖြစ်ပေါ်လာမှုအပေါ် သမိုင်း၏ လွှမ်းမိုးမှုများထဲတွင် ရှေးယခင်က ရွှေ့ပြောင်းအခြေချနေထိုင်ကြရာ လမ်းကြောင်းများ၊ တိုင်းပြည်ထောင်များ (သို့) အင်ပါယာများ ပေါ်ပေါက်ခြင်း၊ ပျက်သုဉ်းခြင်း၊ ကိုလိုနီပြုခံရခြင်းနှင့် လွတ်လပ်ရေးရခြင်းစသည်တို့ပါဝင်သည်။ အချိန်ကြာလာသည်နှင့်အမျှ၊ နိုင်ငံတစ်နိုင်ငံအတွင်းရှိ မတူညီသော လူအုပ်စုများသည် ကွဲပြဲခြင်း (သို့) ဖိနှိပ်ခံရခြင်းတို့ကို ခံစားကြရသည်။ လူနည်းစုဖြစ်သည့် လူမျိုးစုဖြစ်သွားသည်လည်းရှိနိုင်သလို လူများစုဖြစ်သည့် လူမျိုးစုဖြစ်လာကြသည်လည်းရှိသည်။ ဤသို့ဖြင့် မတူညီသည့် ပြောင်းလဲမှုများကို ခံစားတွေ့ကြုံကြရမည်။ ထိုသို့ မတူညီသည့် အခြေအနေများသည် အလွန်ပြင်းထန်သည့် လူမှုရေး၊ နိုင်ငံရေး (သို့) စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုနှင့် ပဋိပက္ခကိုပင် ဖြစ်စေနိုင်သည်။

အချို့သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင် လူမျိုး၊ ဘာသာစကား (သို့) ကိုးကွယ်မှုမတူညီသည့် အစုအဖွဲ့များရှိကြသည်။ အခြားသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများတွင်မူ ပြည်နယ်များအတွင်း နေထိုင်သူလူများစုသည် ဆင်တူသည့် ယဉ်ကျေးမှု (သို့) ဘာသာစကားရှိကြသည်။

အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ (သို့) ဘရာဇီးကဲ့သို့သော အချို့သော ပြည်ထောင်စုများ ပေါ်ပေါက်လာကြသည့် နေရာဒေသများတွင် ယခင်ကတည်းက နေထိုင်နေကြသည့် ဌာနေတိုင်းရင်းသားလူမျိုးများ ရှိနှင့်ကြပြီးဖြစ်သည်ကို သတိပြုရန် အရေးကြီးပါသည်။ ယနေ့ခေတ် လူများစုဖြစ်နေသည့် ယဉ်ကျေးမှုနှင့် ဘာသာစကားတူညီသော လူမျိုးစုများသည် နယ်ပယ်ချဲ့ထွင်ခြင်း၊ စစ်နိုင်ခြင်းတို့မှ လူများစုဖြစ်လာခဲ့ကြသည်။ ယခင်က ရှိနှင့်ပြီးဖြစ်ခဲ့သော ဌာနေတိုင်းရင်းသား လူမျိုးစုများသည် မတရားအကြမ်းဖက် ဖိနှိပ်ခြင်းခံကြရပြီး မိမိနေထိုင်ရာကို စွန့်ခွာခဲ့ကြရသည်၊ သို့မဟုတ်ပါက သူတို့ကိုယ်ပိုင်ဒေသများတွင်ပင် လူနည်းစုအဖြစ် ရောက်သွားခဲ့ကြသည်။ လူများစုဖြစ်လာသည့်လူမျိုးစုသစ်များ၏ ဖက်ဒရယ်စနစ်များ ပေါ်ထွန်းလာခြင်းတွင် ၎င်းလူနည်းစု ဌာနေတိုင်းရင်းသားများ၏ ပါဝင်ပတ်သက်မှုမှာ လုံးလုံးမရှိခဲ့ သို့မဟုတ် မရှိခဲ့သလောက်ပင် ဖြစ်သည်။

ဖက်ဒရယ်စနစ်များကို ယေဘုယျအားဖြင့် 'အတူပေါင်းစည်း' ဖက်ဒရယ်စနစ်နှင့် 'အတူထိန်းစု' ဖက်ဒရယ်စနစ်ဟူ၍ အမျိုးအစားနှစ်မျိုး ခွဲခြားနိုင်ပါသည်။

## အတူပေါင်းစည်း ဖက်ဒရယ်စနစ်


အတူပေါင်းစည်း ဖက်ဒရယ်စနစ် ဖြစ်ပေါ်လာပုံမှာ ကိုယ်ပိုင်ရှိနှင့်ပြီး လုဦးရေများရှိကြသည့် မတူညီသည့် နယ်မြေဇရိယာများက အတူပေါင်းစည်း၍ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်ခု တည်ထောင်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ အများအားဖြင့် ထိုပေါင်းစည်းလိုက်သည့် တိုင်းပြုပြည်ပြုနယ်မြေများသည် အတူပေါင်းစည်းခြင်းဖြင့် ၎င်းတို့၏ လုံခြုံရေး၊ စီးပွားရေး (သို့) ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးကျေးဇူးများ ရရှိနိုင်ခြင်းကြောင့်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ (သို့) ဘရာဇီးတို့သည် အတူပေါင်းစည်း ဖက်ဒရယ်ပြည်ထောင်စု နမူနာများအဖြစ် ဖော်ပြလေ့ရှိကြသည်။ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးအတွက် ပေါင်းစည်းရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည့်အတွက်၊ လုပ်ပိုင်ခွင့်အာဏာ အတော်များများသည် တိုင်းပြုပြည်ပြုနယ်မြေများထံတွင် ကျန်ရှိနေလေ့ရှိသည်။

## အတူထိန်းစု ဖက်ဒရယ်စနစ်


မတူကွဲပြားသော လူမျိုးစု၊ ဘာသာစကားနှင့် ဘာသာရေးအုပ်စုများက နိုင်ငံတစ်နိုင်ငံ၏ မတူညီသည့် နေရာဒေသများတွင် သူ့အစုနှင့်သူ စုစည်းနေထိုင်နေကြသည့် နိုင်ငံများတွင် အတူထိန်းစုဖက်ဒရယ်စနစ် ဖြစ်ပေါ်လေ့ရှိသည်။ ၎င်းမှာ ယခင်က ကိုလိုနီတစ်ခု၏ လက်အောက်တွင် ရှိခဲ့ကြပြီး နိုင်ငံ၏ ခေတ်သစ်နယ်နိမိတ်မျဉ်းများ သတ်မှတ်ပြီးသည့်အခါတွင် အတူတကွ လွတ်လပ်ရေးရလာခြင်းကြောင့် ဖြစ်နိုင်ပါသည်။ နိုင်ငံ၏ အစိတ်အပိုင်းအချို့မှ အုပ်စုများက ပိုမိုများပြားသည့် ကိုယ်ပိုင်လွတ်လပ်ခွင့် (သူတို့၏ ဒေသများကို ပိုမိုထိန်းချုပ်ခွင့်) (သို့) ခွဲထွက်ခွင့် (သီးခြားနိုင်ငံတစ်ခု တည်ထောင်ရန်အတွက် ၎င်းတို့၏ နယ်မြေက လုံးဝခွဲထွက်သွားခြင်း) ကိုပင် တောင်းဆိုတတ်ကြသည်။

အတူထိန်းစုဖက်ဒရယ်စနစ်များကို 'မတူကွဲပြားမှုတွင် စည်းလုံးခြင်း' ကို ထိန်းသိမ်းရသည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ကြသည်။ မတူညီသော အုပ်စုများသည် ဖက်ဒရယ်ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှိလျက်ပင် ၎င်းတို့၏ နယ်မြေများအတွင်း ဘာသာစကား၊ ပညာရေး (သို့) ယဉ်ကျေးမှုအစရှိသည့် ကိစ္စများကို ဆုံးဖြတ်နိုင်သည်။ အတူထိန်းစု ဖက်ဒရယ်နိုင်ငံများတွင် အိန္ဒိယ၊ ဘယ်ဂျီယံနှင့် နိုင်ဂျီးရီးယားတို့ပါဝင်သည်။ အတူထိန်းစုဖက်ဒရယ်စနစ်များတွင် ပြည်ထောင်စုအစိုးရက တိုင်းပြုပြည်ပြုနယ်မြေများထက် လုပ်ပိုင်ခွင့်အာဏာများ ပိုမိုကိုင်စွဲထားလေ့ရှိသည်

## အတူပေါင်းစည်း ဖက်ဒရယ်စနစ်




## အတူထိန်းစု ဖက်ဒရယ်စနစ်



# ၂.၂ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဖက်ဒရယ်စနစ်

ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ လူမျိုးစုများသည် ၎င်းတို့ကိုယ်တိုင်အတွက် ဆုံးဖြတ်ချက်များချမှတ်ပြီး၊ ၎င်းတို့၏ အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိန်းချုပ်စီမံနိုင်ရန် အစုအဖွဲ့လိုက်ရပိုင်ခွင့် ရှိသည်ဆိုသည့် အယူအဆပင် ဖြစ်သည်။ ပိုမိုလွတ်လပ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အတွက် ကြိုးပမ်းနေသည့် လူစုများသည် မကြာခဏပင် ဖက်ဒရယ်စနစ် များ၏ အစိတ်အပိုင်းများ ဖြစ်လေ့ရှိသည်။ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကုလသမဂ္ဂ၏ တည်ထောင်သည့် ပဋိညာဉ်နှင့် အဓိကလူ့အခွင့်အရေး စာချုပ်များနှင့် ကြေညာစာတမ်းများတွင် အသိအမှတ်ပြုထားသည်။ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံတကာစီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ် နှစ်ခုလုံး၏ အပိုင်း (၁)၊ အပိုဒ် ၁ တွင် ဖော်ပြထားသည်မှာ –

"လူတိုင်းသည် ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ရှိသည်။
ထိုအခွင့်ရှိသည့်အလျှောက် ၎င်းတို့၏ နိုင်ငံရေး
အဆင့်အတန်းကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်ပြီး ၎င်းတို့၏
စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးရေးကို
လွတ်လပ်စွာ လုပ်ဆောင်နိုင်သည်" ဟူ၍ဖြစ်သည်။

ကိုယ်ပိုင်ပြဌာန်းခွင့်သည် နှစ်ဆယ်ရာစုတွင် အင်ပါယာများနှင့် ကိုလိုနီပြုခြင်းများ ကျဆင်းပျက်သုဉ်းခြင်းနှင့်အတူ နိုင်ငံများက နိုင်ငံသစ်တည်ထောင်ရန် လွတ်လပ်ရေးရယူရသည့် အဓိကအကြောင်းအရာပင်ဖြစ်သည်။ ဖက်ဒရယ်စနစ်နှင့် စပ်လျဉ်း၍ ကိုယ်ပိုင်ပြဌာန်းခွင့်သည် ယခုအခါ အများအားဖြင့် ရှိနှင့်ပြီး နိုင်ငံတစ်ခုအတွင်း ပိုမိုလွတ်လပ်သည့် ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် နိုင်ငံရေးအရ ပါဝင်ခွင့်ကို ကြိုးပမ်းသည့် လူမျိုးစုများကို ရည်ညွှန်းလေ့ရှိသည်။ သို့သော် ကိုယ်ပိုင်ပြဌာန်းခွင့်သည် လူမျိုးစုများက ပိုမိုလွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (သို့) လွတ်လပ်ရေးကို ကြိုးပမ်းလာသည့်အခါတွင် ပဋိပက္ခများဆီသို့လည်း ဦးတည်နိုင်သည်။ ၎င်းသည် လက်ရှိအစိုးရ၏ အချုပ်အခြာအာဏာပိုင်မှု (နယ်မြေတစ်ခုအပေါ် နိုင်ငံရေးနှင့် တရားဥပဒေအရ အလုံးစုံအာဏာ) ကို စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနိုင်သည်။ လူမျိုးစုတစ်ခုအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်သည် ထို 'ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့်' လူမျိုးစုတွင် မပါဝင်ဟု သတ်မှတ်ခံရသည့် အခြားလူမျိုးစုများအပေါ် ခွဲခြားဖိနှိပ်ရန် အားပေးအားမြှောက်ပြုရာလည်း ရောက်နိုင်သည်။

**ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း**

ကိုယ်ပိုင်ပြဌာန်းခွင့် အယူအဆနှင့် ဖက်ဒရယ်စနစ်ကြားမှ ဖြစ်နိုင်ခြေရှိသော ဆက်သွယ်မှုများမှာ အဘယ်နည်း။






ဖက်ဒရယ်စနစ်သို့ ဦးတည်ရာ လမ်းကြောင်းများ

# သီရိလင်္ကာမှ ဖက်ဒရယ်စနစ်ဆီသို့ ခြေလှမ်းများ

သီရိလင်္ကာနိုင်ငံလူဦးရေ၏ ၇၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်အများစုဖြစ်သည့် ဆင်ဟာလီလူမျိုးများဖြစ်သည်။ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် အခြေစိုက်သည့် ဟိန္ဒူဘာသာဝင်အများစုဖြစ်သော တမီလ်လူမျိုးများက ၁၁ ရာခိုင်နှုန်းပါဝင်ပြီး ကျန်သည့် ၁၀ ရာခိုင်နှုန်းမှာ အစ္စလာမ်ဘာသာ ကိုးကွယ်သည့် အခြားလူမျိုးစုများဖြစ်သည်။

ပြည်နယ်ကိုးခုဖြင့် ဖွဲ့စည်းထားသော သီရိလင်္ကာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဆင်ဟာလီနိုင်ငံရေးပါတီများ လွှမ်းမိုးချုပ်ကိုင်မှုကြောင့် ယခင်ကိုလိုနီခေတ် ဘာသာစကားဖြစ်သည့် အင်္ဂလိပ်ဘာသာအစား ရုံးသုံးဘာသာစကားအဖြစ် လူများစု ဘာသာစကားဖြစ်သော ဆင်ဟာလီဘာသာစကားကို အစားထိုးခဲ့သည်။ သို့ဖြစ်၍ တမီလ်လူမျိုးများသည် အစိုးရအလုပ်များတွင် အလုပ်မလုပ်နိုင်တော့ပေ။ ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် နိုင်ငံအမည်ကို သီဟိုဠ်ကျွန်း (Ceylon) မှ ဆင်ဟာလီအမည် သီရိလင်္ကာနိုင်ငံ (Sri Lanka) ဟူ၍ ပြောင်းလဲခဲ့သည်။ သီရိလင်္ကာသည် ဗုဒ္ဓဘာသာကို 'အထွဋ်အမြတ်' အဖြစ် သတ်မှတ်သည့် တစ်ပြည်ထောင်နိုင်ငံအဖြစ် ကြေညာခဲ့ပြီး ဆင်ဟာလီဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ခဲ့သည်။ တမီလ်ဘာသာစကားကိုလည်း ရုံးသုံးဘာသာစကားအဖြစ်လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကားကို 'ကြားခံ' ဘာသာစကား (link language) အဖြစ်လည်းကောင်း အသိအမှတ်ပြုခဲ့သည်။

ဖက်ဒရယ်စနစ်အတွက် တမီလ်တို့ တောင်းဆိုမှုများ များပြားလာသည်ကို ဆင်ဟာလီအများစုက တမီလ်ခွဲထွက်ရေးဝါဒအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ရည်ညွှန်းပြောဆိုလိုသည့်အခါ ဖက်ဒရယ်စနစ်ဟူသော အသုံးအနှုန်းကို မကြာခဏ ရှောင်ရှားခဲ့သည်။ နောက်ဆုံးတွင် တမီလ်နိုင်ငံရေးပါတီများက သီးခြားတမီလ်နိုင်ငံခွဲထွက်ရေးကို တောင်းဆိုလာကြသည်။ သို့နှင့် ၁၉၈၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ပြည်နယ်ကောင်စီများကို ဖွဲ့စည်းခဲ့သည်။ ဗဟိုအတွက် အာဏာများ၊ ပြည်နယ်များအတွက် အကန့်အသတ်ရှိသော အာဏာများနှင့် ခွဲဝေထားမည့်အာဏာများ ရှိလာခဲ့သည်။ သို့သော်လည်း ဗဟိုပါလီမန်သည် ပြည်နယ်လွှတ်တော်များကို အများစု ဆန္ဒမဲသုံးပုံနှစ်ပုံဖြင့် လွှမ်းမိုးနိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ထို့အပြင် ဗဟိုအစိုးရမှ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ခန့်အပ်ခဲ့သည်။ ပြင်ဆင်ချက်တွင် အသိအမှတ်ပြုထားသော်လည်း ပြည်နယ်များအတွက် တရားဥပဒေစိုးမိုးရေးအာဏာ (Law and Order Power) ကိုမူ မည်သည့်အခါမှ အကောင်အထည်ဖော်ပြဋ္ဌာန်းမှု မပြုခဲ့ပေ။

၁၉၈၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အစိုးရနှင့် တမီလ်လက်နက်ကိုင်အဖွဲ့ Liberation Tigers of Tamil Eelam (LTTE) တို့ကြား ပြည်တွင်းစစ်ကာလများ ရှိခဲ့သည်။ ဖက်ဒရယ်စနစ်ကို အပစ်အခတ်ရပ်စဲရေးညှိနှိုင်းစဉ်က အလားအလာရှိသော အဖြေအဖြစ် အဆိုပြုခဲ့ကြသော်လည်း အဆုံးသတ်တွင် သီရိလင်္ကာအစိုးရတပ်ဖွဲ့များသည် မြောက်ပိုင်းရှိ LTTE ထိန်းချုပ်နယ်မြေများကို ၂၀၀၉ ခုနှစ်အတွင်း သိမ်းပိုက်ခဲ့ကြသည်။ စစ်ပွဲပြီးသွားသည့်တိုင် အရင်းခံပြဿနာများစွာကို ယခုအထိ အပြည့်အဝ မဖြေရှင်းနိုင်သေးချေ။

၂၀၁၆ ခုနှစ်တွင် အစိုးရသစ်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးညီလာခံကို ကျင်းပခဲ့သည်။ ဗဟိုပါလီမန်တွင် အထက်လွှတ်တော် (Second Chamber)၊ ဗဟိုနှင့် ပြည်နယ်များအကြား ပိုမိုရှင်းလင်းသော အာဏာခွဲဝေမှုနှင့် ပြည်နယ်ကောင်စီများ လက်အောက်တွင် တတိယအဆင့် ဒေသဆိုင်ရာ အာဏာပိုင်များထားရှိရေးကို ထောက်ခံအကြံပြုခဲ့ကြသည်။ ထို့ပြင် မြောက်ပိုင်းနှင့် အရှေ့ပိုင်း တမီလ်အများစုနေထိုင်သည့် ပြည်နယ်များကို ပြည်နယ်တစ်ခုအဖြစ် ပေါင်းစည်းရန်လည်း အကြံပြုခဲ့ကြသေးသည်။ သို့သော် ထိုအဆိုပြုချက်သည် တမီလ်လူများစုပြည်နယ်တွင် လူနည်းစုငယ်များ ဖြစ်လာမည့် အဆိုပါဒေသများရှိ အခြားလူမျိုးအုပ်စုအချို့၏ ဆန့်ကျင်မှုကို ရင်ဆိုင်ခဲ့ရပြန်သည်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လွှတ်တော်၏ အကြံပြုချက်များကို အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။

# နမူနာဖြစ်ရပ် လေ့လာချက်

# သီရိလင်္ကာ






# ၂.၃ မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဆီသို့ဦးတည်ခြင်း

ယနေ့ခေတ်မြန်မာနိုင်ငံနယ်နိမိတ်တွင် မတူညီသည့် ဇာတိ၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများရှိသည့် လူမျိုးစုများစွာရှိပေသည်။ များပြားလှစွာသော မြစ်ဝှမ်းများနှင့် ရိုးမတောင်တန်းများကြောင့်၊ မတူညီသော အစုများ၏ ဘာသာစကားများနှင့် ယဉ်ကျေးမှုများသည် တစ်ခါတစ်ရံတွင် ဒွေးရောယှက်တင် ဖွံ့ဖြိုးလာခဲ့ကြသည်လည်းရှိပြီး၊ တစ်ခါတစ်ရံတွင် သီးခြားစီ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ထိုမတူကွဲပြားသည့် လူ့အသိုက်အဝန်းတွင် ပါဝင်သူများသည် ရောယှက်ခြင်း၊ အိမ်ထောင်ပြုခြင်း၊ အခြားနေရာဒေသများသို့ ရွှေ့ပြောင်းခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။ ရာစုနှစ်များတစ်လျှောက် အထူးသဖြင့် မြေပြန့်လွင်ပြင်များနှင့် မြစ်ဝှမ်းများတွင် အချို့သော ဘုရင့်နိုင်ငံများနှင့် အင်ပါယာများလည်း ကြီးထွားပေါ်ပေါက်လာကြပြီးနောက် ပြန်လည်မေးမှိန်သွားခဲ့ကြသည်။ အရောက်အပေါက်နည်းပါးသော (သို့) တောင်ကုန်းတောင်တန်း ထူထပ်ရာဒေသများရှိ အခြားအစုများသည် မြေပြန့်လွင်ပြင်များနှင့် မြစ်ဝှမ်းများကို အခြေပြုသည့် တိုင်းပြည်များ၊ အင်ပါယာများနှင့် အဆက်အဆံနည်းပါးစွာ နေထိုင်ခဲ့ကြသည်လည်းရှိသလို၊ အမြဲပြောင်းလဲနေသော မဟာမိတ်များအဖြစ်လည်း နေထိုင်ခဲ့ကြသည်။ သို့ဖြစ်၍ အချို့အစုများသည် အတူပေါင်းစုလာခဲ့ကြပြီး အချို့မှာ အခြားသူများနှင့် သီးခြားဖြစ်လာခဲ့ကြသည်။

ဗြိတိသျှအင်ပါယာသည် ၁၉ ရာစုတွင် ဗမာပြည် (မြန်မာ) ကို တဖြည်းဖြည်းသိမ်းပိုက်လာခဲ့ပြီး ၁၈၈၆ ခုနှစ်မှ လွတ်လပ်ရေးရသည့် ၁၉၄၈ အထိ အုပ်ချုပ်ခဲ့သည် (၁၉၄၂ မှ ၁၉၄၅ အထိတွင် ဂျပန်အင်ပါယာက သိမ်းပိုက်ထားခဲ့သည်)။ ဗြိတိသျှများသည် နိုင်ငံကို သီးခြားဒေသနှစ်ခုအဖြစ် အုပ်ချုပ်ခဲ့သည်။ ပြည်မဒေသ (Ministerial Burma) တွင် မြေပြန့်ရှိ ဗမာနယ်များ အဓိကပါဝင်ပြီး၊ မွန်၊ ကရင်နှင့် ရခိုင်ဒေသဧရိယာအချို့ပါဝင်သည်။ တောင်တန်းဒေသ (Frontier Areas) သည် မြေပြန့်ဒေသအလွန် ကချင်၊ ရှမ်း၊ ချင်းနှင့် အခြားလူမျိုးစုများ ပါဝင်သည့် အထူးသဖြင့် တောင်ကုန်းတောင်တန်းဒေသများဖြစ်သည်။ ဤဒေသများတွင် ဗြိတိသျှများ၏ အာဏာစက်မှာလည်း အားနည်းပါသည်။ ထိုဒေသများမှ အစဉ်အဆက်အရိုက်အရာခံ ခေါင်းဆောင်များနှင့်သာ သွယ်ဝိုက်သော ဆက်ဆံရေးရှိတတ်ကြသည်။

ဗြိတိသျှကိုလိုနီအစိုးရသည် ဗမာပြည်၏ လူမျိုးစုအမြောက်အမြားကို နာမည်တပ်၊ လူမျိုးခွဲခြင်းတို့ပြုလုပ်ရန် ကြိုးပမ်းခဲ့သည်။ ၎င်းတို့သည် ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစု အစောပိုင်းတွင် ဥရောပ၌ခေတ်စားခဲ့သည့် (ယခုအခါ သိပ္ပံနည်းအသုံးပြု လူမျိုးရေးခွဲခြင်းအဖြစ် သတ်မှတ်ကြသည့်) လူမျိုးခွဲ သီအိုရီများကို အခြေခံခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် လူမျိုးစုသရုပ်လက္ခဏာများကို မြဲမြံပြီး မပြောင်းလဲသည့်အရာများအဖြစ် ရှုမြင်သည့်အတွက် ပြဿနာရှိပါသည်။ လူမျိုးစုခွဲခြားခြင်းနှင့်အတူ တောင်တန်းနှင့် ပြည်မကို ကွဲပြားစွာ အုပ်ချုပ်ခဲ့မှုများသည် အစုအဖွဲ့များအကြား နဂိုကပင်ရှိနှင့်ပြီးဖြစ်သည့် ကွဲပြားမှုများနှင့် တင်းမာမှုများကို ပိုမိုတိုးတက်စေခဲ့သည်။



▲ တိုင်းရင်းသား မျိုးဆက်သစ်လူငယ်များအား ပင်လုံကျောက်တိုင်ရှေ့တွင် တွေ့ရစဉ်

## ပင်လုံစာချုပ်

၁၉၄၇ ဖေဖော်ဝါရီလတွင် ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်

- ၁၉၄၆ ခုနှစ် ဒီဇင်ဘာတွင် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးမှုများအရ လွတ်လပ်သော ပြည်ထောင်စုဗမာနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် နေလိုကြောင်း တောင်တန်းဒေသလူမျိုးများ၏ သဘောတူခွင့်ပြုချက်ကို ရယူရန် လိုအပ်သည့်အတွက် ၎င်း၏ နောက်ဆက်တွဲအဖြစ် ပေါ်ပေါက်လာခြင်းဖြစ်။
- (ကိုလိုနီခေတ် ပြည်မဒေသနယ်ပယ်အတွင်းတွင် ပါဝင်သည့် ကရင်၊ မွန် (သို့) ရခိုင်စသည့် အခြား လူမျိုးစုများ မပါဝင်သည့်) ဗမာ၊ ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးစု ကိုယ်စားလှယ်များက ၁၉၄၇၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့။
- ဗမာပြည်လွတ်လပ်ရေးရရှိရေးအတွက် လုပ်ငန်းစဉ်များကို မြန်ဆန်စေသည့် နည်းလမ်းအဖြစ် အသိအမှတ်ပြုခဲ့ကြ။
- (ရှမ်း၊ ကချင်နှင့် ချင်းဒေသများ) 'တောင်တန်းဒေသများအတွက် ပြည်နယ်တွင်းအုပ်ချုပ်ရေးအတွက် အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်' ကို မူအားဖြင့် လက်ခံခဲ့။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်ဆီသို့ သွားရာလမ်းကြောင်း အပေါ်တွင် မည်သည့်အချက်များက အရေးအကြီးဆုံး လွှမ်းမိုးမှုများ ဖြစ်သည်ဟု သင်ယုံကြည်ပါသနည်း။

# ၂.၄ မြန်မာနိုင်ငံရှိ အခြေခံဥပဒေများနှင့် ဖက်ဒရယ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ

မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခု ရှိခဲ့ပြီးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဖက်ဒရယ်စနစ်၏ အချို့သော အင်္ဂါရပ်များ ပါဝင်သော်လည်း ဖက်ဒရယ်စနစ်ဟု တိုက်ရိုက်ညွှန်းဆိုခြင်း (သို့) တိတိပပ ရေးဆွဲချမှတ်ထားခြင်းမျိုး မရှိခဲ့ပါ။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏ကြားဖြတ် အစိုးရအဖွဲ့ဝင်များသည် ဖေဖော်ဝါရီလတွင် ပင်လုံစာချုပ် ချုပ်ဆိုပြီး များမကြာမီပင် ၁၉၄၇ ခုနှစ် ဇူလိုင်လတွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ပြည်ထောင်စု ဗမာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ် စက်တင်ဘာလ တွင် အပြီးသတ်ခဲ့သည်။ ၎င်းတွင် တောင်တန်းဒေသများအတွက် အတိုင်းအတာဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်စသည့် ပင်လုံစာချုပ်၏ အချို့သော လက္ခဏာရပ်များနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ကို ပြည်ထောင်စုအုပ်ချုပ်ရေးအဖွဲ့ (ဝန်ကြီးများကောင်စီ) မှ ရယူမည် ဆိုသည့် အယူအဆပါဝင်သည်။

ရှမ်းနှင့် ကယားပြည်နယ်များအတွက် ဆယ်နှစ်အကြာ ခွဲထွက်ခွင့် လည်း ပါဝင်သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲသူ တစ်ဦးဖြစ်သည့် ဦးချန်ထွန်းက ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် "မူအားဖြင့် ဖက်ဒရယ်မူဖြစ်သော်လည်း၊ လက်တွေ့တွင် တစ်ပြည်ထောင်စနစ်ဖြစ်သည်" ဟု အများအသိပင် မှတ်ချက်ပြုခဲ့ သည်။ ထိုသို့ တွေးရခြင်း၏ အကြောင်းရင်းအချို့မှာ –

- ဗမာအများစုရှိသည့် ပြည်မအတွက် အစိုးရသည်လည်း ပြည်ထောင်စုအစိုးရသာလျှင် ဖြစ်နေခြင်း။
- ပြည်နယ်များတွင် ၎င်းတို့၏ ကိုယ်ပိုင်အခြေခံဥပဒေများ မရှိခြင်း။
- တိုင်းရင်းသားပြည်နယ်များကို ကိုယ်စားပြုသော ပြည်ထောင်စု လွှတ်တော်၏ အထက်လွှတ်တော်သည် အောက်လွှတ်တော်နှင့် နှိုင်းယှဉ်လျှင် အားနည်းခြင်းနှင့်
- မြန်မာဘာသာကို တစ်ခုတည်းသော ရုံးသုံးဘာသာစကားအဖြစ် ကြေညာခဲ့ခြင်းတို့ပင်ဖြစ်သည်။

၁၉၆၁ နှင့် ၁၉၆၂ အစောပိုင်းတွင်၊ ရှမ်းနှင့် အခြားလူမျိုးစုများ၏ ကိုယ်စားလှယ်များအဖွဲ့တစ်ခုက အခြေခံဥပဒေကို ပိုမို ဖက်ဒရယ် ကျစေရန်အတွက် အကြံပြုသည့် ပြောင်းလဲချက်များကို မူကြမ်း ရေးဆွဲခဲ့ကြသည်။ အဆိုပါ 'ရှမ်းဖက်ဒရယ်မူ' က ဗမာပြည်နယ်တစ်ခု အပါဝင် လူမျိုးစုပြည်နယ်ရှစ်ခုပါဝင်သည့် ဖွဲ့စည်းပုံတစ်ခုကို အဆိုပြုခဲ့သည်။ ပြည်နယ်တိုင်းသည် ပြည်ထောင်စုပါလီမန်၏ အထက်လွှတ်တော်တွင် ညီမျှစွာ ကိုယ်စားပြုမှုရှိသည်။ ထို့မှတ္ထ ပြည်နယ်များတွင် ကိုယ်ပိုင်အခြေခံဥပဒေများရှိရန်နှင့် ကြွင်းကျန် အာဏာများကို ပြည်နယ်များသို့ လုပ်ပိုင်ခွင့်ပေးရန်လည်း တောင်းဆို ထားသည်။

၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ပြီး ဦးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) သည် ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအသစ်ကို ရေးဆွဲခဲ့သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုပါဝင်သည့် မဲဆန္ဒနယ် ၁၄ ခုဖြင့် ပိုမိုအချုပ်အခြာမှုသည့် အုပ်ချုပ်ရေးဖွဲ့စည်းပုံကို ပြဋ္ဌာန်းထား သည်။ သို့သော်လည်း ပြည်နယ်နှင့် တိုင်းများတွင် ဥပဒေပြု လွှတ်တော်များမရှိဘဲ ပြည်သူ့ကောင်စီများမှတစ်ဆင့် ဗဟိုအစိုးရ၏ ဥပဒေနှင့် မူဝါဒများကို အကောင်အထည်ဖော်ခဲ့သည်။ ကိုယ်စားလှယ်လောင်းများ ရွေးကောက်ခြင်းအတွက် ပြဋ္ဌာန်းချက် ပါရှိသော်လည်း ကိုယ်စားလှယ်လောင်းများကို မဆလပါတီကသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော် တစ်ရပ်သာရှိသည်။

၁၉၈၈ ခုနှစ် နောက်တစ်ကြိမ် အာဏာသိမ်းပြီးနောက် ၁၉၉၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ရှည်လျားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်ကို တပ်မတော်၏ ကြီးကြပ်မှုဖြင့် လုပ်ဆောင်ခဲ့ပြီး အဆုံးသတ်တွင် ၂၀၀၈ ဖွဲ့စည်းပုံပေါ်ပေါက်လာခဲ့သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အင်္ဂါရပ်အချို့ပါရှိသည်။ ၎င်းတို့မှာ –

- ဗဟို (ပြည်ထောင်စု) အစိုးရနှင့် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအကြား အတိုင်းအတာတစ်ခုအထိ အာဏာခွဲဝေမှု။
- ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် နှစ်ခုလုံးရှိ လွှတ်တော်များသို့ ကိုယ်စားလှယ်များအား ရွေးကောက် တင်မြှောက်ခြင်း။
- လွှတ်တော်နှစ်ရပ်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်နှင့်
- ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွက် လွှတ်တော်တစ်ရပ်ပါသည့် ဥပဒေပြု လွှတ်တော်များတို့ပင်ဖြစ်သည်။




လွတ်လပ်ရေးရပြီးသည်မှစ၍ မြန်မာနိုင်ငံတွင်
အခြေခံဥပဒေသုံးခုရှိပြီဖြစ်သည်။

သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည်

- ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လွှတ်တော်များအားလုံးတွင် တပ်မတော်သားကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းကို အာမခံပြဋ္ဌာန်းထားသည်။
- ဖွဲ့စည်းပုံပြင်ဆင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်၏ ထောက်ခံဆန္ဒမဲလိုအပ်သည်။
- ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနများကို စစ်တပ်ကို ချုပ်ကိုင်ခွင့်ပေးထားသည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေများ မထည့်သွင်းထားပါ။
- ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များကို ခန့်အပ်ရန် ပြည်ထောင်စုသမ္မတကို အာဏာပေးထားသည်။

၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ဒီမိုကရေစီလိုလားသော တိုင်းရင်းသားအဖွဲ့အစည်းများ၏ ညွန့်ပေါင်းအဖွဲ့ဖြစ်သော ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မူကြမ်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲခဲ့သည်။ အချို့သော အကြံပြုချက်များသည် ၁၉၆၁ ရှမ်းဖက်ဒရယ်မူနှင့် ဆင်တူသည်။ ၎င်းတွင် ဗမာလူမျိုးစု ပြည်နယ်တစ်ခုဖန်တီးခြင်း၊ ပြည်နယ်တစ်ခုချင်းစီအတွက် အခြေခံဥပဒေဖွဲ့စည်းပုံ၊ စစ်တပ်အား အရပ်ဘက်က အုပ်ချုပ်ခွင့်နှင့် ကြွင်းကျန်အာဏာများကို ပြည်နယ်များသို့ ပေးခြင်းတို့ပါဝင်သည်။ 'လူမျိုးစု' ပြည်နယ်ရှစ်ခုအပြင်၊ 'အမျိုးသား' ပြည်နယ်နှစ်ခုဖြစ်သည့် တနင်္သာရီနှင့် ဧရာဝတီပြည်နယ်တို့ကိုလည်း အကြံပြုခဲ့ပြီး အနာဂတ်တွင် အခြားပြည်နယ်များ ထပ်ထည့်နိုင်ခြေကိုလည်း ပါဝင်သည်။ ပြည်နယ်တစ်ခုစီသည် အထက်လွှတ်တော်တွင် ညီမျှစွာ ကိုယ်စားပြုမှုရှိသောကြောင့် ဗမာမဟုတ်သည့် လူမျိုးစုပြည်နယ်များအတွက် အောက်လွှတ်တော်ဗမာအများစု ဖြစ်နေခြင်းကို ဟန်ချက်ထိန်းပြီးသားဖြစ်သွားစေသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဗမာ/မြန်မာနိုင်ငံ၏ တရားဝင်ဖြစ်သော ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ရှမ်းဖက်ဒရယ်မူ။ FCDCC မူတို့သည် အဓိကအားဖြင့် မည်သည့်ကွာခြားချက်များ ရှိသနည်း။

# ၂.၅ ဖက်ဒရယ်စနစ်အပေါ်ကွဲပြားသည့် အမြင်များ

လူများစု ဗမာများနှင့် အခြားလူမျိုးစုများသည် နိုင်ငံ၏သမိုင်းနှင့် ပတ်သက်လျှင် မကြာခဏဆိုသလို အဓိပ္ပာယ်ကောက်ယူပုံခြင်း မတူညီဖြစ်လေ့ရှိကြသည်။ ဥပမာအားဖြင့် ပင်လုံစာချုပ်နှင့် ပတ်သက်သည့် ဗမာများအမြင်တွင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးကြိုးပမ်းရာတွင် စည်းလုံးညီညွတ်မှုကို ပြသရန် လူမျိုးစု ခေါင်းဆောင်များကို စုစည်းခဲ့ခြင်းဖြစ်သည်ဟု မြင်တတ်ကြသည်။ တိုင်းရင်းသားခေါင်းဆောင်များဘက်ကလည်း ညီလာခံကို သူတို့ စီစဉ်ခဲ့ပြီး ၎င်းညီလာခံတွင် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း ၎င်းတို့၏ အဆင့်အတန်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိန်းသိမ်းရန် သဘောတူညီခဲ့ကြောင်းကို ထောက်ပြကြသည်။ ထိုကဲ့သို့ သမိုင်းအပေါ် မတူကွဲပြားသည့် ရှုထောင့်အမြင်များကလည်း ဖက်ဒရယ်စနစ်အပေါ် မတူညီသည့် ရှုထောင့်အမြင်များကို ဖြစ်ပေါ်စေသည်။

တပ်မတော်အတွက်မူ ဖက်ဒရယ်စနစ်ကို လူမျိုးစုအချို့၏ ခွဲထွက်ရေး ခြိမ်းခြောက်မှုနှင့် တိုင်းပြည်ပြိုကွဲနိုင်ခြေတို့နှင့် ဆက်စပ်မြင်လေ့ ရှိသည်။ ဗမာမဟုတ်သော လူမျိုးစုများစွာအတွက်မူ ဖက်ဒရယ် စနစ်သည် နိုင်ငံအတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို ရရှိနိုင်မည့် အကောင်းဆုံးနည်းလမ်းအဖြစ် ရှုမြင်လာကြသည်။

၁၉၉၀ ခုနှစ်များကတည်းက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ဖက်ဒရယ်စနစ်သို့ မည်သို့ကူးပြောင်းမည်ဆိုသည့် ၎င်း၏ဗျူဟာကို ရှင်းရှင်းလင်းလင်း မဖော်ပြထားသော်လည်း ဒီမိုကရက်တစ် ဖက်ဒရယ်စနစ်ကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ‘ဒီမိုကရေစီနှင့် ဖက်ဒရယ်မူများပေါ်တွင် အခြေခံသော ပြည်ထောင်စု’ ထူထောင်ရေးသည် USDP အစိုးရနှင့် လူမျိုးစုလက်နက်ကိုင် ၁၀ ဖွဲ့ကြား လက်မှတ်ရေးထိုးထားသည့် ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ အခြေခံမူများထဲမှတစ်ခုဖြစ်သည်။

## ဒီမိုကရက်တစ် ဖက်ဒရယ်စနစ်လော။ ဖက်ဒရယ် ဒီမိုကရေစီလော။

ဖက်ဒရယ်စနစ်ကို မည်ကဲ့သို့ရရှိအောင် လုပ်ဆောင်မည်ဆိုသည့် အပေါ် မျှော်မှန်းချက်များမှာလည်း ကွဲလွဲမှုများရှိသည်။ ၂၀၀၈ ဖွဲ့စည်းပုံတွင် ဖက်ဒရယ်စနစ်၏ လက္ခဏာရပ်များ ပါဝင်နေပြီး ဖြစ်ကြောင်း စစ်တပ်က ပြောကြားခဲ့သည်။ NLD သည် ၂၀၁၆ – ၂၀၂၀ ခုနှစ်အတွင်း တည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ထဲမှ အလုပ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ရန် ကြိုးပမ်းမှုအချို့ လုပ်ဆောင်ခဲ့သည်။ ထိုအချိန်အတွင်းတွင်လည်း NCA မှတစ်ဆင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်း လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ခဲ့ သည်။ NLD သည် ၎င်း၏ လူများစုဗမာများ၏ မဲပေးထောက်ခံမှု အပေါ် အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုဆီသို့မသွားမီ ဒီမိုကရေစီ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အရင်ကြိုးပမ်းခြင်းဖြင့် ‘ဒီမိုကရက်တစ် ဖက်ဒရယ်စနစ်’ ကို ဦးစားပေးဆောင်ရွက်သည်။

တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများအပြားက ‘ဖက်ဒရယ် ဒီမိုကရေစီ’ ကို ပထမ



ဦးစားပေးအဖြစ် ထူထောင်ရန်အတွက် တောင်းဆိုကြသည်။ သို့မှသာ ဖက်ဒရယ်ဒီမိုကရေစီ ထူထောင်ရေးတွင် ပြည်ထောင်စု၏ တိုင်းပြုပြည်ပြုနယ်မြေများသည် တန်းတူအနေအထားနှင့် ပါဝင်ဆောင်ရွက်ခြင်းရှိမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ရန်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြီးအကျယ် ပြောင်းလဲမှု ပြုလုပ်ခြင်းသော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် ရေးဆွဲခြင်းသော်လည်းကောင်း ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ သို့သော်လည်း စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့ လမ်းခင်းပေးနိုင်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေးသော်လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်သော်လည်းကောင်း တိုးတက်မှုမှာ အနည်းငယ်သာရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်ကို တစ်ပြိုင်နက် ဖော်ဆောင်ခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု အချို့က ဆိုကြသည်။ အကြောင်းမှာ တစ်ခုကရှေ့ရောက်ကာ၊ နောက်တစ်ခု၏ တိုးတက်မှုကို ပိတ်ပင်မှုမရှိစေရန်ဖြစ်သည်။ အကယ်၍ ဒီမိုကရေစီကို ဦးစွာထူထောင်ပါက၊ လူများစုက စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို ငြင်းဆန်ကောင်း ငြင်းဆန်နိုင်သည်။ အကယ်၍ ဖက်ဒရယ်စနစ်ကို ဦးစွာထူထောင်ခဲ့ပါက၊ အချို့သော တိုင်းပြုပြည်ပြုနယ်မြေများသည် ဒီမိုကရေစီနည်းကျ ဖြစ်မည်မဟုတ်ပေ။ (သို့မဟုတ် ဖြစ်လာမည် မဟုတ်ပေ။)

လူမျိုးစုများအကြား ဖက်ဒရယ်စနစ်အပေါ် မတူညီသည့် မျှော်မှန်းချက်များလည်းရှိကြသည်။ အချို့သော အုပ်စုများသည် ၎င်းတို့၏ ရှိရင်းစွဲ လူမျိုးစုအခြေပြု ပြည်နယ်များအတွက် ကြီးမားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အာဏာများကို လိုချင်ကြပေမည်။ ပြည်နယ်များအတွင်း ရှိနေသည့် အခြားသော လူမျိုးစုငယ်များသည် လူနည်းစုများအတွက် ပိုမိုကောင်းမွန်သည့် အကာအကွယ်၊ ၎င်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေများ သို့မဟုတ် ပြည်နယ်အသစ်များ ဖန်တီးခြင်းတို့ကိုပင် လိုလားကြပေမည်။

ယခုအခါတွင် နိုင်ငံတစ်ဝှမ်းရှိ နိုင်ငံရေးပါတီများ၊ လူမျိုးစုနိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့ အတူတကွ လက်တွဲလုပ်ဆောင်ရန် အလားအလာများ ရှိလာပြီ ဖြစ်ပါသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဤအနာဂတ်ဖြစ်နိုင်ခြေသုံးမျိုးအနက်မှ တစ်ခုစီတွင် မြန်မာနိုင်ငံအတွက် မည်သည့် အားသာချက်များနှင့် အားနည်းချက်များ ဖြစ်နိုင်ခြေရှိသည်ဟု သင်ယုံကြည်သနည်း။

၁။ တစ်ပြည်ထောင်စနစ်ကို ဆက်လက်ထိန်းသိမ်းခြင်း။
၂။ ဖယ်ဒရယ်စနစ် ထူထောင်ခြင်း။
၃။ တိုင်းပြည်၏ အစိတ်အပိုင်းအချို့ လုံးဝခွဲထွက်ခြင်း။




အောင်မြင်သည့် ဖက်ဒရယ်စနစ်ပေါ်ထွန်းရေးအတွက် အရေးကြီးဆုံးသော အစိတ်အပိုင်းများသည် မည်သည်တို့ဖြစ်သည်ဟု သင်ယုံကြည်သနည်း။

## အခန်း – ၃

3

# ဖက်ဒရယ်ဒီဇိုင်းဆိုင်ရာ ကိစ္စရပ်များ

ဤအခန်းတွင် ဖက်ဒရယ်စနစ်များ၏ ဒီဇိုင်းတွင် အရေးကြီးသောအချက်များနှင့် ၎င်းတို့အပေါ် ကွဲပြားသော အမြင်များကို အကျဉ်းချုပ်ဖော်ပြထားသည်။ ဤဖက်ဒရယ် ဒီဇိုင်းဆိုင်ရာ ပြဿနာများကို မြန်မာနိုင်ငံ၏ နောက်ခံအဆက်အစပ်အတွင်းတွင်လည်း စူးစမ်းလေ့လာထားပါသည်။

ဤအခန်းအတွက် လမ်းညွှန်မေးခွန်းများမှာ -

၁။ ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်သင့်သနည်း။


၂။ ဖယ်ဒရယ်စနစ် ဒီဇိုင်းတွင် မည်သည့်အချက်များက အရေးကြီးသနည်း။

## ၃.၁ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းနှင့် ဖက်ဒရယ်ဒီဇိုင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးသည် ဖက်ဒရယ်ပြည်ထောင်စုစနစ် အကောင်အထည်ပေါ်လာရေးနှင့် ဒီဇိုင်းရေးဆွဲရာတွင် အဓိက ကျသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယေဘုယျဖွဲ့စည်းပုံ၊ အစိုးရ အဖွဲ့ အင်စတီကျူးရှင်းများနှင့် အာဏာခွဲဝေမှုတို့အတွက် အခြေခံ ဖြစ်လာမည်ဖြစ်သည်။ အများအားဖြင့်၊ တိုင်းပြုပြည်ပြုနယ်မြေ လွှတ်တော် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီ ကဲ့သို့သော တရားဝင်အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ရေးဆွဲရန် ဖွဲ့စည်းသည်။ ထိုလုပ်ငန်းစဉ်တွင် ဥပဒေ ပညာရှင်များနှင့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများစသည့် စိတ်ဝင်စား သည့် အဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ဖွယ်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် အစိုးရ၊ ဥပဒေများ၊ နိုင်ငံရေး စနစ်နှင့် နိုင်ငံသားများ၏ ရပိုင်ခွင့်များအတွက် အခြေခံကို တည်ဆောက်ပေးမည်ဖြစ်သောကြောင့် ၎င်းဖွဲ့စည်းပုံပေါ်ပေါက်ရေး တွင် ပြည်သူလူထု၏ ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းဝန်းပါဝင်မှုများ ပါဝင်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရှိနှင့်ပြီးသည့် အခြေခံဥပဒေတစ်ခုကို ပြင်ဆင်ချက်များပြုလုပ်ကာ

(အောက်ပါပုံ) ၁၉၄၆ ခုနှစ် အိန္ဒိယတွင် တိုင်းပြုပြည်ပြုလွှတ်တော် ပထမနေ့။ တိုင်းပြုပြည်ပြုလွှတ်တော်ကို အိန္ဒိယ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ရေးဆွဲရန်အတွက် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှထံမှ လွတ်လပ်ရေးရပြီးနောက် တိုင်းပြုပြည်ပြု လွှတ်တော်သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးပါလီမန်အဖြစ် ဆောင်ရွက်ခဲ့သည်။





▲ (အထက်ပါပုံ) တိုင်းပြုပြည်ပြုလွှတ်တော်၏ အမျိုးသမီးအမတ်များ

ရေးဆွဲသည်။ ၁၉၉၉ မှ ၂၀၀၂ ခုနှစ်အတွင်း အင်ဒိုနီးရှားတွင် ဤသို့ ပြောင်းလဲရေးဆွဲခဲ့ကြသည်။ အခြားဖြစ်ရပ်များတွင်မူ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို အစမှ ပြန်ရေးဆွဲကြသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ၎င်းအပေါ်တွင် ဖွဲ့စည်းထားသည့်စနစ်ကို လူအများက အယုံအကြည်မရှိဖြစ်ပါက ထိုသို့ အသစ်ပြန်လည်ရေးဆွဲခြင်း ပို၍ အဖြစ်များပါသည်။ နီပေါနိုင်ငံတွင် ဆယ်နှစ်ကြာ ပြည်တွင်းစစ် ပြီးဆုံးပြီးနောက် ၂၀၀၈–၂၀၁၅ ခုနှစ်အတွင်း ထိုသို့ ဖွဲ့စည်းပုံ အခြေခံသစ်ကို ပြန်လည်ရေးဆွဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ရပ်သည် ၎င်းအသက်မဝင်မီတွင် လူထုဆန္ဒခံယူပွဲ တစ်နိုင်ငံလုံး၏ မဲဆန္ဒဖြင့် ပြည်သူများက စိစစ်လက်ခံခြင်းကို ခံရနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် မရှိမဖြစ် အခြေခံတစ်ခုဖြစ်သော်လည်း ၎င်းသည် နိဒါန်းတစ်ခုမျှသာ ဖြစ်သည်။ လက်တွေ့တွင် အမှန်တကယ်လည်ပတ် အလုပ်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖော်ဆောင်ရေးသည် နှစ်ပေါင်းများစွာ ကြာနိုင်ပြီး အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရနိုင်သည်။

## ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး၏ မည်သည့်ကဏ္ဍတွင် အောက်ပါအဖွဲ့အစည်းများက ပါဝင်အကျိုးပြုနိုင်မည်ဟု ယုံကြည်ပါသနည်း။

- ဥပဒေပညာရှင်များ
- နိုင်ငံရေးပါတီများ
- လူမျိုးစုအဖွဲ့များ
- အရပ်ဘက်အဖွဲ့အစည်းများ

၂။ အခြားမည်သည့်အဖွဲ့များ ပါဝင်နိုင်သနည်း၊ ၎င်းတို့က မည်သည့်အရာများကို ထည့်ဝင်အကျိုးပြုနိုင်မည်နည်း။



# ၃.၂ ကိုယ်ပိုင်အမှတ်အသား လက္ခဏာနှင့် ဖက်ဒရယ်စနစ်

လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်ခု၏ ဖက်ဒရယ်ဒီဇိုင်းသည် ပြည်သူလူထု၏ မတူညီသော လူမျိုးစု၊ ဘာသာစကား (သို့) ဘာသာရေးအုပ်စုများအပေါ် ခင်တွယ်တိမ်းညွှတ်စိတ်အပြင် ဖက်ဒရယ်ပြည်ထောင်စုအပေါ် ၎င်းတို့၏ ကိုယ်ပိုင်အမှတ်အသား လက္ခဏာအဖြစ် ခံစားစိတ်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ တိုင်းပြုပြည်ပြု ပြည်နယ်များနေ ပြည်သူလူထုများသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်ခုလုံး၏ တန်ဖိုးစံများနှင့် အင်စတီကျူးရှင်းများသို့ ဘုံတူညီသည့် အလေးထားမြှုပ်နှံမှု တစ်စုံတစ်ရာရှိရန် လိုအပ်သည်။ မိမိကိုယ်ပိုင်လူမျိုးစု၊ ဘာသာစကား (သို့) ကိုးကွယ်ယုံကြည်မှု အမှတ်အသားများလည်းရှိသည့်အလျောက် ပိုမိုကြီးမားသည့် ဖက်ဒရယ်နိုင်ငံအပေါ် ခင်တွယ်တိမ်းညွှတ်စိတ်သည် ‘နိုင်ငံသားအမှတ်အသားလက္ခဏာ’ ဖြစ်သည်။ ၎င်းသည် ဖက်ဒရယ်စနစ်များကို ဒီဇိုင်းဆွဲရာတွင် အရေးပါသော ကိစ္စရပ်တစ်ခု ဖြစ်သည်။ လူမျိုးစုပေါင်းစုံနေထိုင်ကြသည့် နိုင်ငံများသည် နိုင်ငံသား အမှတ်အသားလက္ခဏာကို ဘုံဘာသာစကား (သို့) တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် အလံ၊ တိရစ္ဆာန် (သို့) နိုင်ငံတော်သီချင်းစသည့် သင်္ကေတများထားရှိခြင်းဖြင့် တဖြည်းဖြည်းတည်ဆောက်ကြသည်။

**နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၅**

၆။ နိုင်ငံ၏ဘာသာစကား

နီပေါနိုင်ငံတွင်ပြောသော မိခင်ဘာသာစကားအားလုံးသည် နိုင်ငံ၏ ဘာသာစကားဖြစ်ရမည်။

၇။ တရားဝင် ငွေပေးငွေယူ ဘာသာစကား

၁။ ဒေဝနာဂရီအက္ခရာဖြင့် ရေးသားထားသော နီပေါဘာသာစကားသည် နီပေါနိုင်ငံတွင် တရားဝင်စီးပွားရေး လုပ်ငန်းသုံးဘာသာစကားဖြစ်ရမည်။

၂။ နီပေါဘာသာစကားအပြင် ပြည်နယ်တစ်ခုသည် ထိုပြည်နယ်ရှိ လူများစုက ပြောဆိုသော ဘာသာစကားတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမျိုးသား ဘာသာစကားကို ခရိုင်ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း တရားဝင်စီးပွားရေး လုပ်ငန်းသုံး ဘာသာစကားအဖြစ် ရွေးချယ်ရမည်။

၃။ ဘာသာစကားဆိုင်ရာ အခြားကိစ္စရပ်များကို ဘာသာစကားကော်မရှင်၏ ထောက်ခံချက်ဖြင့် နီပေါအစိုးရက ဆုံးဖြတ်သည့်အတိုင်း ဖြစ်ရမည်။




## ဘာသာစကား

ဖက်ဒရယ်စနစ်တစ်ခုရှိ ကျောင်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းခွင်များတွင် အသုံးပြုသည့် ဘာသာစကား သို့မဟုတ် ဘာသာစကားများသည် ဘာသာစကားမတူကွဲပြားသည့် လူမျိုးများ နေထိုင်ကြသည့် နိုင်ငံများအတွက် အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်သည်။ ၎င်းသည် ပြည်သူများ၏ ပညာရေးရလဒ်များ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ နိုင်ငံရေးအရ ပါဝင်မှုနှင့် နိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် ကိုယ်ပိုင်အမှတ်အသားလက္ခဏာအဖြစ် ခံစားစိတ်တို့အပေါ်တွင် လွှမ်းမိုးမှုရှိသည်။

တစ်ခါတစ်ရံ ဖက်ဒရယ်နိုင်ငံတစ်ခုတွင် နိုင်ငံတစ်ခုလုံးအတွက် ဘုံဘာသာစကားအဖြစ် ကြားဘာသာစကား (neutral language) ကို အသုံးပြုသည်။

- အိန္ဒိယသည် အင်္ဂလိပ်အပြင် ဟိန္ဒီနှင့် ဒေသဆိုင်ရာ ဘာသာစကားများကိုလည်း ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုသည်။
- အင်္ဂလိပ်ဘာသာစကားသည် ၁၉၄၇ ခုနှစ် အိန္ဒိယလွတ်လပ်ရေး မရမီက ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေး၏ ဘာသာစကား ဖြစ်သော်လည်း နိုင်ငံအတွင်းရှိ မည်သည့်လူမျိုးစု၏ မူရင်းဘာသာစကားမှ မဟုတ်ပါ။
- အင်ဒိုနီးရှားသည် အကြီးဆုံးလူမျိုးစု၏ ဘာသာစကားဖြစ်သည့် ဂျာဗားလူမျိုးစကားကို ဘုံစကားအဖြစ် အသုံးမပြုဘဲ မလေးစကားမှ ဆင်းသက်လာသော ဘဟာဆာ အင်ဒိုနီးရှားကို ဘုံဘာသာစကားအဖြစ် အသုံးပြုသည်။
- အိန္ဒိယ၊ တောင်အာဖရိကနှင့် နီပေါကဲ့သို့သော ဖက်ဒရယ် နိုင်ငံအချို့သည် ပြည်နယ်များကို တရားဝင်ပြည်ထောင်စု ဘာသာစကားနှင့်အတူ ကိုယ်ပိုင်ဘာသာစကား ရွေးချယ် သုံးစွဲခွင့်ပြုထားသည်။

သို့သော်လည်း အခြားနိုင်ငံအချို့တွင် အကြီးဆုံးလူမျိုးစု၏ ဘာသာစကားကို ရွေးချယ်ကြသည်။ သီရိလင်္ကာတွင် အကြီးဆုံးလူမျိုးစု၏ ဘာသာစကားဖြစ်သော ဆင်ဟာလာဘာသာစကားသည် တရားဝင် နိုင်ငံတော်ဘာသာစကားဖြစ်သည်။


မြန်မာနိုင်ငံတွင် များစွာသော ဘာသာစကားအမျိုးမျိုးရှိသည်။ လူအချို့က ကျောင်းများနှင့် အစိုးရဝန်ဆောင်မှုများတွင် အသုံးပြုရန် ဘုံဘာသာစကားအဖြစ် အကြီးဆုံးအုပ်စု၏ ဘာသာစကားဖြစ်သော မြန်မာ/ဗမာစကားကို အသုံးပြုရန်ဆိုကြသည်။ အားလုံးမြန်မာစကားကို ပြောနိုင်သည့်အခါ အလုပ်အကိုင် သို့မဟုတ် ပညာရေး အခွင့်အလမ်းများအတွက် နိုင်ငံ၏တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရန် ၎င်းတို့အတွက် ပိုမိုလွယ်ကူစေသည်ဟု သူတို့က ဆိုသည်။ ဘုံဘာသာစကားတစ်မျိုးကို အသုံးပြုခြင်းသည် မတူကွဲပြား သော လူမျိုးစုများအကြား ဆက်သွယ်ရေးအတွက် အထောက်အကူ ဖြစ်စေပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများကို အထောက်အကူဖြစ်စေသည်ဟုလည်း အခိုင်အမာဆိုကြသည်။

အခြားသူများကလည်း မတူညီသော လူမျိုးစုများ၏ ဘာသာ စကားများကို အသိအမှတ်ပြုခြင်းသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှု အတွက် အရေးကြီးကြောင်း ဆိုကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မတူကွဲပြားသော လူမျိုးစုဒေသများတွင် ယဉ်ကျေးမှုနှင့် သက်ဆိုင် သော ဝန်ဆောင်မှုများကို လုပ်ဆောင်နိုင်ခွင့်ရှိစေပြီး ပညာရေးကို အထောက်အကူပြုကာ၊ ထိုလူမျိုးစုများ၏ ထူးခြားသောလက္ခဏာ များကို အသိအမှတ်ပြုခြင်းကို ဖြစ်စေနိုင်သည်ဟု သူတို့က ဆိုကြသည်။ လူမျိုးစုများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို အသိအမှတ်ပြုမှု မရှိခြင်းကြောင့် မကျေမနပ်ကြခြင်းသည် မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏ အရေးပါသော အကြောင်းရင်းတစ်ခု ဖြစ်သည်ဟု ယူဆလေ့ရှိသည်။

အချို့သော ပညာရေးပညာရှင်များက ကျောင်းနေစနစ်များတွင် ကိုယ်ပိုင်လူမျိုးစုဘာသာစကား (သို့) မိခင်ဘာသာစကားများဖြင့် ဘာသာရပ်များကိုသင်ကြားပြီး၊ ကလေးကြီးလာသည့်အခါမှ ဗမာ စကားကဲ့သို့သော ဒုတိယဘာသာစကားတစ်ခုကို မိတ်ဆက်သည့် ပေါင်းစပ်ပုံစံကို အဆိုပြုလာကြသည်။ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေးသည် အနာဂတ်တွင် လူမျိုးစုများအား ၎င်းတို့၏ လူမျိုးစုဘာသာစကားများကို မပျောက်ကွယ်စေရန် ထိန်းသိမ်းနိုင်၊ အသုံးပြုနိုင်စေပြီး တစ်ချိန်တည်းတွင် ဗမာစကားအား ဖက်ဒရယ် (သို့) ပြည်ထောင်စုဘာသာစကားအဖြစ် အသုံးပြုနိုင် စေသည်။

**ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း (၁)**

မြန်မာနိုင်ငံတွင် ဘာသာစကားကိစ္စကို မည်သို့ကိုင်တွယ်သင့် သည်ဟု သင်ယုံကြည်သနည်း။



**နီပေါနိုင်ငံ၏ အခြေခံဥပဒေ (၂၀၁၅)**

၂၆။ ဘာသာရေး လွတ်လပ်ခွင့်

၁။ လူတိုင်းတွင် ၎င်းယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ဟောပြောခွင့်၊ ကျင့်သုံးခွင့်နှင့် ထိန်းသိမ်းခွင့်ရှိသည်။

၂။ ဘာသာရေးဂိုဏ်းခွဲတိုင်းသည် ၎င်း၏ လွတ်လပ်စွာ ရပ်တည်ခွင့်ကို ထိန်းသိမ်းလျက် ၎င်း၏ သာသနာရေးဆိုင်ရာ နေရာဌာနများနှင့် သာသနာပိုင်ပစ္စည်းများကို စီမံခန့်ခွဲခွင့်နှင့် ကာကွယ်ထိန်းသိမ်းခွင့်ရှိသည်။



## ဘာသာတရား

နိုင်ငံတစ်ခု၏ ဘာသာတရားနေရာအဆင့်သည်လည်း ဖက်ဒရယ်ဒီဇိုင်းတွင် အရေးပါသည့်ကိစ္စတစ်ရပ်ဖြစ်သည်။ လောကီသီးသန့်ဝါဒ ဆိုသည်မှာ ဘာသာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အစိုးရ၊ အင်စတီကျူးရှင်းများနှင့် ရောယှက်မှုမရှိသင့်ဟူသည့် အယူအဆဖြစ်သည်။ တစ်နည်းအားဖြင့် လူများသည် မတူကွဲပြားသည့် ဘာသာတရားများကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိပြီး ထို့အတွက် ခွဲခြားခြင်းမရှိစေရန်ဟုလည်း ဆိုလိုခြင်းဖြစ်သည်။ နီပေါ၊ နိုင်ဂျီးရီးယား (သို့) တောင်အာဖရိက ကဲ့သို့သော ဖက်ဒရယ်နိုင်ငံများသည် လောကီသီးသန့်ဝါဒ (သို့) လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ၎င်းတို့၏ အခြေခံဥပဒေများတွင် မူလအခွင့်အရေးတစ်ရပ်အနေဖြင့် အလေးထားထည့်သွင်းထားသည်။ ပါကစ္စတန် (သို့) သီရိလင်္ကာ ကဲ့သို့သော အခြားနိုင်ငံများတွင်မူ ဘာသာတရားတစ်ခုကို အထူးအဆင့်အတန်းဖြင့် ဖော်ပြထားသည်။ ဖက်ဒရယ်အစိုးရစနစ်ဖြင့် တည်ထောင်ထားသည့် နိုင်ငံများသည် အများအားဖြင့် ဘာသာရေး မရောယှက်သည့် လောကီသီးသန့် တန်ဖိုးစံများ၏ အရေးပါပုံကို အသိအမှတ်ပြုလေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားအများစု ကျင့်သုံးသည့် ဘာသာတရားဖြစ်သည့် ဗုဒ္ဓဘာသာသည် နိုင်ငံတစ်နိုင်ငံလုံးအတွက် အမှတ်အသားလက္ခဏာသဘောကို ပေးစွမ်းနိုင်သည်ဟု ဆိုကြသည်များရှိသည်။ သို့ရာတွင် နိုင်ငံလူဦးရေ၏ မနည်းလှသော အဖွဲ့များက ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့အပါအဝင် အခြားဘာသာများကို ကိုးကွယ်ကြသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက 'နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာ' အဖြစ် ဗုဒ္ဓဘာသာ၏ 'ဂုဏ်ထူးဝိသေသ' ကို အသိအမှတ်ပြုထားသည်။ ထို့အပြင် ၎င်းက ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဟိန္ဒူဘာသာတို့ကိုလည်း 'နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများ' အဖြစ် အသိအမှတ်ပြုထားသည်။ နိုင်ငံသားတိုင်းသည် ၎င်းတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများကို ခွဲခြားခြင်းမရှိဘဲ လွတ်လပ်စွာ ကျင့်သုံးနိုင်ခွင့် ရှိကြောင်း ဖော်ပြထားသည်။ အပြည့်အဝ ဘာသာရေးလွတ်ကင်းသော အခြေခံဥပဒေကို အဆိုပြုကြသူများက ဘာသာတစ်ခုကို ကွက်၍ အလေးအမြတ်ပြုထားခြင်းထက် ဘာသာအားလုံးကို တန်းတူညီမျှ အသိအမှတ်ပြုသည့် အခွင့်အရေးမျိုးကို ပိုမိုသဘောကျကြသည်။

**ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း (၂)**

မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကိစ္စကို မည်သို့ ကိုင်တွယ်သင့်သည်ဟု သင်ယုံကြည်သနည်း။

# ၃.၃ နိုင်ငံသားဖြစ်ခြင်းနှင့် ဖက်ဒရယ်စနစ်

တစ်စုံတစ်ဦးကို ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ် တရားဝင်သတ်မှတ်သည့်အခါ၊ ၎င်းသည် မည်သည့်ပြည်နယ်မှလာသည်ဖြစ်စေ၊ ၎င်းကအမှတ်အသားသရုပ်အဖြစ် လက်ခံသည့် မည်သည့် လူမျိုး၊ ဘာသာစကား (သို့) ကိုးကွယ်ယုံကြည်မှု အုပ်စုမှ လာသည်ဖြစ်စေ ၎င်းသည် ထိုနိုင်ငံ၏ နိုင်ငံသားဖြစ်သည်။ အခြေခံဥပဒေများတွင် ပုံမှန်အားဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ထည့်သွင်းလေ့ရှိသည်။ အချို့သော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံသား၊ နိုင်ငံသားအဖြစ် ရောက်ရှိလာပုံတို့ကိုလည်း အဓိပ္ပာယ်ဖွင့်ဆိုသည်။ မလေးရှားနှင့် နီပေါ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် မည်သူကို နိုင်ငံသားအဖြစ် သတ်မှတ်သည်၊ နိုင်ငံသားအဖြစ် မည်သို့ ရောက်ရှိလာနိုင်သည်ကို ဖော်ပြထားသည်။ သို့သော် ထိုနိုင်ငံများတွင် နိုင်ငံသားဖြစ်မှုကိစ္စရပ်များကို သီးသန့်နိုင်ငံသားဖြစ်ခွင့် ဥပဒေများတွင် အသေးစိတ် ဖော်ပြကြသည်။ အချို့သောနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်မူ နိုင်ငံသားဖြစ်ခြင်းကို ထည့်သွင်းဖွင့်ဆိုထားခြင်းမရှိဘဲ ၎င်းအစား နိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့် ဥပဒေများတွင်သာ ဖော်ပြထားကြသည်။ ပါကစ္စတန်နိုင်ငံ၏ အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ရည်ညွှန်းထားသော်လည်း၊ မည်သူ့ကို ဥပဒေကြောင်းအရ နိုင်ငံသားအဖြစ် သတ်မှတ်သည်၊ ၎င်းမည်သို့နိုင်ငံသားအဖြစ် ရောက်ရှိသည်တို့ကိုမူ သီးသန့်နိုင်ငံသားဖြစ်ခွင့်ဥပဒေများတွင် ထည့်သွင်းဖော်ပြထားသည်။

အချို့သော နိုင်ငံများသည် နိုင်ငံသားဖြစ်ခွင့်အတွက် သတ်မှတ်ချက်ကို လူတစ်ယောက်၏ မိဘများသည် မည်သူများဖြစ်သည်နှင့် ၎င်းတို့သည် နိုင်ငံသားများဖြစ်မဖြစ်ဆိုသည့်အပေါ်တွင် အခြေခံသည်။ အခြားနိုင်ငံများတွင်မူ လူတစ်ယောက် နိုင်ငံသားဖြစ်ခြင်းကို မိဘများ၏ နိုင်ငံသားဖြစ်မှုအပေါ်တွင် အခြေမခံဘဲ ထိုနိုင်ငံတွင် မွေးဖွားခြင်းအပေါ်တွင်သာ အခြေခံသည်။ နိုင်ငံများတွင် နိုင်ငံသားဖြစ်ခွင့်ပြုရန် စိစစ်လက်ခံခြင်း (Naturalization) လုပ်ငန်းစဉ်လည်း ရှိတတ်ကြပြီး ထိုလုပ်ငန်းစဉ်မှတစ်ဆင့် ပုဂ္ဂိုလ်တစ်ယောက်သည် တရားဝင်နိုင်ငံသားဖြစ်လာသည်။ တောင်အာဖရိက အခြေခံဥပဒေကဲ့သို့သော အချို့သော အခြေခံဥပဒေများတွင် နိုင်ငံသားဖြစ်ခွင့် ရုပ်သိမ်း၍မရနိုင်သော မူလအခွင့်အရေးတစ်ရပ်အဖြစ် ပါရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေများ (သို့) ဥပဒေများဖြင့် မည်သည့်နိုင်ငံ၏ နိုင်ငံသားအဖြစ်မျှ တရားဝင်အသိအမှတ်မပြုထားလျှင်၊ ထိုသူများသည် နိုင်ငံမဲ့ဖြစ်သည် (ဖြစ်လာမည်ဖြစ်သည်)။ သူတို့သည် (တင်းပြည့်ကျပ်ပြည့်) နိုင်ငံသားဖြစ်ခွင့်အတွက် သတ်မှတ်ချက်ကို မကိုက်ညီသည့် နိုင်ငံအတွင်းရှိ လူမျိုးစုတစ်ခုခုတွင် ပါဝင်နေခြင်း ဖြစ်နိုင်သည်။ ၎င်းတို့၏ နိုင်ငံသားဖြစ်မှုကို ဖယ်ရှားခံရခြင်း/ပြောင်းလဲခံရခြင်းသော်လည်းကောင်း၊ ၎င်းတို့အား နိုင်ငံသားအဖြစ် အသိအမှတ်မပြုသည့် နိုင်ငံအတွင်းသို့ နယ်စပ်မှတစ်ဆင့် တွန်းပို့ပြောင်းရွှေ့ခံရခြင်းသော်လည်းကောင်း ဖြစ်နိုင်ပါသည်။ နိုင်ငံမဲ့သူများသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများအတွက် ၎င်း၏ အခြေခံဥပဒေဖြစ်စေ၊ နိုင်ငံသားဖြစ်ခွင့်ဥပဒေများတွင်ဖြစ်စေ၊ ထိုဥပဒေနှစ်ရပ်လုံးတွင်ဖြစ်စေ အာမခံထားသည့် အခွင့်အရေးများနှင့် ကာကွယ်ပေးမှုများ မရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့သည် အစိုးရဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများကို မရရှိနိုင်ပါ။ အလုပ်အကိုင်ရှာဖွေခြင်း (သို့) လွတ်လပ်စွာ ခရီးသွားခြင်းတို့ကို မပြုလုပ်နိုင်ပါ။ အခွင့်ကောင်းယူခြင်း (သို့) အနိုင်ကျင့်စော်ကားခြင်းတို့၏ ဓားစာခံဖြစ်နိုင်ခြေလည်း ပိုမိုရှိနိုင်သည်။





### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဖက်ဒရယ်စနစ်များတွင် နိုင်ငံသားဖြစ်ခွင့်နှင့် ပတ်သက်လျှင် မည်သည့်အချက်က အရေးအကြီးဆုံးဖြစ်သည်ဟု သင်ယုံကြည်သနည်း။




## ၃.၄ မြန်မာနိုင်ငံ၏ အမှတ်အသား လက္ခဏာနှင့် နိုင်ငံသားဖြစ်ခွင့်

မြန်မာနိုင်ငံတွင် အစိုးရသည် မည်သူတို့ကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုသည်ကို ခွဲထုတ်ဖော်ပြရန် ကြိုးပမ်းပြီး၊ နိုင်ငံတော်အတွက် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် အမှတ်သားလက္ခဏာတစ်ခု ဖန်တီးနိုင်ရန် 'တိုင်းရင်းသား' ခေါ် 'နိုင်ငံတော်လူမျိုးစုများ' ဆိုသည့် အယူအဆအပေါ်တွင် အခြေခံထားသည်။ ၁၉၄၇ ပင်လုံစာချုပ်တွင် ၎င်းဝေါဟာရကို အသုံးပြုခဲ့ခြင်းမရှိဘဲ၊ ၁၉၄၇ အခြေခံဥပဒေတွင် အကျဉ်းသဘောမျှသာ ဖော်ပြခဲ့သည်။ ၁၉၆၀ နှင့် ၁၉၇၀ နှစ်များအတွင်း ဦးနေဝင်း၏ မဆလပါတီအစိုးရလက်ထက်တွင်၊ ဗမာပြည်အတွင်း ရှိနေသည့် အမျိုးမျိုးသော လူမျိုးစုများကို စုစည်းနိုင်ရန် တိုင်းရင်းသားဆိုသည့် အယူအဆကို တွင်ကျယ်အောင် အားပေးအားမြှောက်ပြုလာခဲ့သည်။ တိုင်းရင်းသားလူမျိုးအဖြစ် အသိအမှတ်ပြုခံရရန်အတွက် သတ်မှတ်ချက်မှာ ယနေ့ခေတ် လွတ်လပ်ရေးရပြီး ဗမာပြည်၏ ဒေသတွင် ၁၈၂၃ မတိုင်ခင် ကိုလိုနီခေတ် မတိုင်ခင်ကတည်းက နေထိုင်ခဲ့သူလူမျိုးများ ဖြစ်ရမည်ဖြစ်သည်။ ၁၈၂၄ နောက် ကိုလိုနီခေတ်အတွင်းတွင်မှ ဗမာပြည်သို့ ရောက်ရှိလာခဲ့သည့် အိန္ဒိယ (သို့) တရုတ်နွယ်ဖွားများကိုမူ ဤနိုင်ငံသားဖြစ်ခွင့် သတ်မှတ်ချက်မှ ဖယ်ထုတ်ထားခဲ့သည်။




တရားဝင်အသိအမှတ်ပြုထားသည့် နိုင်ငံနေလူမျိုးများဟူသည့် အယူအဆနှင့် ထင်မြင်ယူဆသည့် အရေအတွက်သည် ကိုလိုနီခေတ်တွင် လူမျိုးစု အမျိုးအစားများ ခွဲခြားသတ်မှတ်မှုများပေါ်တွင် အခြေခံသည်ဟု ယူဆကြသည်။ ၁၉၆၀ ပြည့်နှစ် အစိုးရမှတ်တမ်းတွင် လူမျိုးစု ၄၅ ခုနှင့် လူမျိုးစုခွဲ ၁၆၀ တို့ကို ဖော်ပြခဲ့ပြီး ၁၉၇၂ ခုနှစ် အစိုးရစာရင်းတွင် ၁၄၄ ဖွဲ့ ပါဝင်သည်။ မကြာသေးမီ ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံအစိုးရများ လူမျိုး ၁၃၅ မျိုး ပါဝင်သည့် 'တိုင်းရင်းသား' လူမျိုးစုရှစ်ခုဟု တရားဝင်အသိအမှတ်ပြုခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ဗမာမဟုတ်သော လူမျိုးစုများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားဟူသော ဝေါဟာရကို မကြာခဏ အသုံးပြုခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူမျိုးစုတစ်ခုသည် တိုင်းရင်းသားရေးရာဝန်ကြီးဌာနများ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကဲ့သို့သော အင်စတီကျူးရှင်းများကို ထူထောင်ရန် တိုင်းရင်းသားလူမျိုးစု သို့မဟုတ် လူမျိုးစုတစ်ခုခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် တရားဝင်အသိအမှတ်ပြုခံရသည့် အုပ်စုဖြစ်ရန် လိုအပ်သည်။



မြန်မာနိုင်ငံ၏ ၁၉၈၂ ခု နိုင်ငံသားဥပဒေသည် အပြည့်အဝနိုင်ငံသား ဖြစ်ခွင့်ရှိသူ အသိအမှတ်ပြုထားသည့် နိုင်ငံသားအုပ်စုဝင် မိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်သည့် တိုင်းရင်းသားဟူသည့် အယူအဆအပေါ်တွင် အခြေခံထားသည်။ ၎င်းတို့၏ လူမျိုးစု (သို့) မိဘများသည် အပြည့်အဝနိုင်ငံသားသတ်မှတ်ချက်နှင့် မကိုက်ညီသည့်လူများကို တစ်ခါတစ်ရံတွင် ဧည့်နိုင်ငံသား (သို့) နိုင်ငံသားပြုခွင့်ရ နိုင်ငံသားများအဖြစ် အခြားအမျိုးအစားထဲတွင် ထည့်သွင်းလေ့ရှိသည်။ သို့သော် ထိုအခြားအမျိုးအစားသည် ၎င်းတို့၏ အခွင့်အရေးများ၏ အတိုင်းအတာကို အပြည့်အဝ နိုင်ငံသားများ၏ အခွင့်အရေးနှင့် ယှဉ်လျှင် လျော့ကျစေသည်။ လက်တွေ့တွင် နိုင်ငံသားဥပဒေကို မည်သို့ အကောင်အထည်ဖော်သည်အပေါ် မူတည်၍ အချို့သောသူများကို နိုင်ငံမဲ့ဖြစ်စေနိုင်သည်။

ယခုအခါ အချို့က အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခွင့်နှင့် ပတ်သက်၍ ခွဲခြားဖယ်ထုတ်မှု ပိုမိုနည်းပါးသည့် နည်းလမ်းကို အဆိုပြုကြသည်။ နိုင်ငံသားဖြစ်ခွင့်သတ်မှတ်ချက်သည် အချို့သော လူများ (သို့) အုပ်စုများကို ဖယ်ထုတ်ချန်လှပ်ထားရန် လုပ်ဆောင်သည့် တိုင်းရင်းသား (သို့) ‘အမျိုးသား လူမျိုးစုများ’ ဆိုသည့် ဓမ္မဓိဋ္ဌာန်မကျသော အယူအဆပေါ်တွင် အခြေမခံသင့်ဟု သူတို့က အကြံပြုကြသည်။ ထိုအစားဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲခြင်းနှင့် ၁၉၈၂ နိုင်ငံသားဥပဒေကို ဖျက်သိမ်းခြင်းဖြင့် ပိုမိုကျယ်ပြန့်သည့် နိုင်ငံသားဖြစ်ခွင့် အယူအဆကို ရရှိနိုင်ပါသည်။

ထိုသို့ ပိုမိုကျယ်ပြန့်သည့် ချဉ်းကပ်မှု၏ သမိုင်းနမူနာကို ပြည်ထောင်စုဗမာနိုင်ငံတော်၏ ၁၉၄၇ အခြေခံဥပဒေတွင် မြင်နိုင်ပါသည်။ ၁၉၄၇ အခြေခံဥပဒေပါ နိုင်ငံသားဖြစ်ခွင့်သတ်မှတ်ချက်တွင် မိဘ (သို့) အဘိုးအဘွားသည် ‘ဌာနေတိုင်းရင်းသားလူမျိုးများ’ ဖြစ်ရမည်ဟု ပါဝင်သော်လည်း လူပုဂ္ဂိုလ်တစ်ဦး၏ မွေးဖွားရာနှင့် ထိုနေရာတွင် နေထိုင်လာသည့် အချိန်ကာလတို့ကို အသိအမှတ်ပြုသည့် သတ်မှတ်ချက်လည်း ပါဝင်သည်။ ပြည်ထောင်စုဗမာနိုင်ငံ ဖြစ်ပေါ်လာသည့် နယ်မြေများအတွင်းတွင် ပြီးခဲ့သည့် ဆယ်နှစ်တွင် ရှစ်နှစ်အစဉ်တစိုက် နေထိုင်လာခဲ့သည့် မိဘနှစ်ပါးမှ မွေးဖွားသူသည်လည်း နိုင်ငံသားအဖြစ် တရားဝင်အသိအမှတ်ပြုနိုင်သည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံ၏ အနာဂတ် ဖက်ဒရယ်စနစ်တွင် နိုင်ငံသားဖြစ်ခွင့်ကို မည်သို့ သတ်မှတ်သင့်သည် (သို့မဟုတ်) မည်သို့ မသတ်မှတ်သင့်ဟု သင်ယုံကြည်သနည်း။

# ၃.၅ တိုင်းပြုပြည်ပြုနယ်မြေများ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ

တိုင်းဒေသကြီး/ပြည်နယ်များ၏ အခြေပြုပုံ ဟူသည်မှာ တိုင်းဒေသကြီး/ပြည်နယ်များ ခွဲဝေသတ်မှတ်ရာတွင် အသုံးပြုသည့် စံနှုန်းများကို ရည်ညွှန်းသည်။ ကျင့်သုံးလေ့ရှိသည့် အဓိက စံသတ်မှတ်ချက်နှစ်ခုမှာ နယ်မြေကို အခြေခံသတ်မှတ်ခြင်းနှင့် လူမျိုးကို အခြေခံသတ်မှတ်ခြင်းတို့ဖြစ်သည်။

နယ်မြေအခြေပြုဖက်ဒရယ်စနစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ နယ်နိမိတ်များသည် ကွဲပြားသော လူမျိုးစုများ၏ နယ်မြေများကို အခြေပြုမည့်အစား တောင်များ၊ မြစ်များကဲ့သို့ ပထဝီမြေပြင် အင်္ဂါရပ်များအပေါ်တွင် အဓိကအခြေခံပါသည်။ သမိုင်းဖြစ်ရပ်များ သို့မဟုတ် အခြေချရွှေ့ပြောင်းနေထိုင်မှုများသည် နယ်မြေအခြေပြု တိုင်းဒေသကြီး/ပြည်နယ်များ ဖွဲ့စည်းပေါ်ပေါက်လာမှုကို လွှမ်းမိုးမှု ရှိနိုင်သော်လည်း လူမျိုးစုအမျိုးမျိုးရှိခြင်းကမူ နယ်မြေအခြေပြု ဖက်ဒရယ်စနစ်တွင် အဓိကအချက်မဟုတ်ပေ။ ဥပမာ အမေရိကန်၊ ဩစတြေးလျ သို့မဟုတ် ဘရာဇီးကဲ့သို့သော အတူပေါင်းစု (Coming together federal) ဖက်ဒရယ်နိုင်ငံများကို နယ်မြေအခြေပြု ပြည်နယ်များဖြင့် ဖွဲ့စည်းထားကြသည်။

လူမျိုးကိုအခြေခံသော ဖက်ဒရယ်စနစ်များတွင်၊ လူမျိုးစုများ စုဝေးနေသည့် နယ်မြေများကို အခြေခံ၍ တိုင်းဒေသကြီး/ပြည်နယ်များကို ဖွဲ့စည်းသည်။ ထို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ အရွယ်အစားနှင့် နယ်နိမိတ်များကိုလည်း လူမျိုးစုများ၏ လူဦးရေ စုဝေးမှုရှိရာ နေရာများဖြင့် ဆုံးဖြတ်ကြပေသည်။ ယင်းလူမျိုးစုများ၏ ဘာသာစကား၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာတရားများသည်လည်း လူမျိုးအခြေပြု တိုင်းဒေသကြီး/ပြည်နယ်များ၏ အင်္ဂါရပ်များ ဖြစ်နိုင်သည်။ လူမျိုးစု သို့မဟုတ် ဘာသာစကား၊ သို့မဟုတ် နှစ်ခုစလုံးအပေါ် အခြေခံသော ပြည်နယ်များသည် အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ ပါကစ္စတန်တို့ရှိ ဖက်ဒရယ်စနစ်များကဲ့သို့သော 'အတူထိန်းစု ဖက်ဒရယ်စနစ်' (Holding together federal) ၏ အင်္ဂါရပ်တစ်ခုဖြစ်သည်။ ဥပမာအားဖြင့်၊ ပါကစ္စတန်တွင် လူမျိုးစု – ဘာသာစကားကို အခြေခံသော အဓိကပြည်နယ်လေးခု ပါဝင်သည်။

မကြာခဏအားဖြင့် ဖက်ဒရယ်စနစ်များသည် တိုင်းဒေသကြီး/ပြည်နယ်များ၏ နယ်နိမိတ်များကို ဆုံးဖြတ်ရာတွင် တိုင်းရင်းသား လူမျိုးစုများဆိုင်ရာ စံနှုန်းများနှင့် နယ်မြေဆိုင်ရာ စံနှုန်းများကို ပေါင်းစပ်ဆုံးဖြတ်လေ့ရှိသည်။ ဤနှစ်မျိုးစပ်ပုံစံသည် ကိုယ်ပိုင် အမှတ်အသားလက္ခဏာနှင့် နယ်မြေအရ ရပ်တည်ရှင်သန်နိုင်မှု နှစ်မျိုးလုံးကို အလေးပေးသည်။ အမှတ်အသားလက္ခဏာ စံနှုန်းများတွင် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် နေထိုင်ကြသူတို့ သမိုင်းများ ပါဝင်နိုင်သည်။ ရှင်သန်ရပ်တည်နိုင်မှုဆိုသည်မှာ ဖက်ဒရယ်စနစ်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် တိုင်းဒေသကြီး/ပြည်နယ်တစ်ခု၏ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်စွမ်း ဖြစ်သည်။ ရှင်သန်ရပ်တည်နိုင်မှုဆိုင်ရာ စံနှုန်းများတွင် စီးပွားရေး ဆိုင်ရာ စွမ်းဆောင်ရည်၊ လူဦးရေ၊ လမ်းများ သို့မဟုတ် မီးရထား



လမ်းများကဲ့သို့ ရှိနှင့်ပြီး အခြေခံအဆောက်အအုံနှင့် သဘာဝ အရင်းအမြစ်များ ရရှိနိုင်မှုတို့ ပါဝင်နိုင်သည်။ နီပေါနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်အချို့နှင့် ၎င်းတို့၏ နယ်နိမိတ်များ သတ်မှတ်ရာတွင် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုစသော ကိုယ်ပိုင် စရိုက်လက္ခဏာ စံနှုန်းများကိုသာမက ရေအားလျှပ်စစ်ထုတ်လုပ်ရန် မြစ်များရှိခြင်းကဲ့သို့သော သီးခြားရပ်တည်နိုင်မှု စံနှုန်းများကိုပါ ပေါင်းစပ်ကာ သတ်မှတ်ထားပါသည်။

ဖယ်ဒရယ်စနစ်များအားလုံးတွင် မတူညီသော တိုင်းဒေသကြီး/ ပြည်နယ် အရေအတွက်များ ရှိကြသည်။ မည်မျှရှိရမည်ဟု စည်းကမ်း သတ်မှတ်ထားခြင်းမျိုး မရှိပါ။ သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ် အရေအတွက် နည်းပါးသော ဖက်ဒရယ်နိုင်ငံများသည် (အထူးသဖြင့် ပြည်နယ်တစ်ခုသည် အခြားတစ်ခုထက် အလွန်ကြီးမားနေခြင်း သို့မဟုတ် နိုင်ငံရေး၊ စီးပွားရေး အင်အားအလွန်သာလွန်နေသည့် အခါ) ပို၍ မတည်မြဲတတ်သည့်သဘောရှိသည်။ ဥပမာအားဖြင့် ၁၉၆၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ တည်ရှိခဲ့သော ချက်ကိုစလိုဗက်ကီးယား ဖက်ဒရယ်သမ္မတနိုင်ငံသည် ချက်နှင့် စလိုဗက် ပြည်နယ်နှစ်ခုသာ ရှိခဲ့သည်။ ချက်သမ္မတနိုင်ငံသည် ပိုသေးငယ်သော စလိုဗက်နှင့် နှိုင်းယှဉ်ပါက ပိုမိုကြီးမားသော မြေဧရိယာနှင့် လူဦးရေရှိသည့်အပြင် စီးပွားရေးနှင့် နိုင်ငံရေးအာဏာပိုရှိခဲ့သည်။ နောက်ဆုံးတွင် ဖယ်ဒရယ်သမ္မတနိုင်ငံသည် ၁၉၉၃ ခုနှစ် အရောက်တွင် သီးခြားနိုင်ငံ နှစ်ခုအဖြစ် ငြိမ်းချမ်းစွာ သီးခြားခွဲထွက်ခဲ့ကြသည်။

## နယ်မြေအခြေ မပြုသော လုပ်ပိုင်ခွင့်အာဏာ

သီးခြားကိုယ်ပိုင်နယ်မြေ ရှိနိုင်လောက်အောင် လူဦးရေမရှိဘဲ သေးငယ်လွန်းသော (သို့) နေရာတစ်စုတည်းမရှိ ဖြန့်ကျက် နေထိုင်သော လူမျိုးစုအုပ်စုများ၏ အခွင့်အရေးကို ကာကွယ်ရန် နည်းလမ်းများလည်းရှိသည်။ နယ်မြေအခြေမပြုသော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဆိုရာတွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထည့်သွင်းပြဋ္ဌာန်းပေးထားသော အုပ်စုတစ်စုအတွက် တရားဥပဒေ ဆိုင်ရာ အကာအကွယ်များ၊ ၎င်းတို့၏ ကိုယ်ပိုင်တရားစီရင်ရေး စနစ်များနှင့် အစိုးရအဖွဲ့အစည်းများတွင် ကိုယ်စားပြုပါဝင်နိုင်ရေး အာမခံမှုတို့ ပါဝင်နိုင်သည်။ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူ၊ မူဆလင်နှင့် ခရစ်ယာန်အုပ်စုတစ်ခုစီတွင် အိမ်ထောင်ရေးနှင့် ကွာရှင်းပြတ်စဲခြင်း ဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ကိုယ်ပိုင်ဥပဒေများ ရှိကြသည်။ နီပေါနိုင်ငံတွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံဥပဒေပြုလွှတ်တော်အတွင်း လူနည်းစု အုပ်စုအချို့ ကိုယ်စားပြု ပါဝင်ခွင့်ရရေးကို အာမခံပြဋ္ဌာန်းထားသည်။ အရှေ့ဥရောပရှိ နိုင်ငံ အများအပြားတွင် နယ်မြေအခြေမပြုသော ယဉ်ကျေးမှုကောင်စီများကို ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာစကားနှင့် တစ်ခါတစ်ရံ ပညာရေးအတွက်ပါ အထူးအာဏာများ ပေးအပ်ဖွဲ့စည်းထားသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဖယ်ဒရယ်စနစ်ရှိ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုအတွက် အောက်ပါတစ်ချက်ချင်းစီသည် မည်သို့အရေးပါသနည်း။

- အခြေခံအဆောက်အဦ
- လူမျိုးစု
- အရင်းအမြစ်များ
- လူဦးရေ အရွယ်အစား
- ပထဝီသွင်ပြင်အင်္ဂါရပ်များ
- သမိုင်း
- ဘာသာစကား
- ယဉ်ကျေးမှု



ရွှေတြိဂံဒေသ မြန်မာ (လက်ဝဲဘက်) နှင့် လာအို (လက်ယာဘက်) အခြမ်းတို့အား ထိုင်းနိုင်ငံဘက်ခြမ်းမှ ရိုက်ကူးထားသည့်ပုံ

# နီပေါနိုင်ငံရှိ ပြည်နယ်များ၏ အခြေပြုပုံနှင့် နယ်နိမိတ်များ

နီပေါတွင် ၁၀ နှစ်ကြာ ပြည်တွင်းစစ်အပြီး ငြိမ်းချမ်းရေးသဘော တူညီချက်သည် ဘုရင်စနစ်ကိုဖျက်သိမ်းခဲ့ပြီး (၂၀၀၇–၁၅) ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေက ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး ကတိကဝတ်ပေးခဲ့သည်။ နီပေါသည် နှစ်ပေါင်း ရာနှင့်ချီ၍ ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော တစ်ပြည်ထောင်စနစ်နိုင်ငံ ဖြစ်ခဲ့သည်။ အင်အားကြီး ဟိန္ဒူ/ဇာတ်စနစ်အခြေပြုသော ဗဟိုမှ ဗဟိုချုပ်ကိုင်မှုကို လျှော့ချရန်၊ နိုင်ငံတစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစေရန်၊ အစိုးရတွင် ပြည်သူများ၏ ပါဝင်မှုကို တိုးမြှင့်ရန် နှင့် ခွဲခြားဆက်ဆံမှုများကို လျှော့ချရန် ဖက်ဒရယ်စနစ်ကို နည်းလမ်း တစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်။ တိုင်းပြုပြည်ပြုလွှတ်တော်များက အကြောင်းအရာအလိုက် ကော်မတီများဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်၏ အစိတ်အပိုင်းများခွဲ၍ ရေးဆွဲနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

ပထမအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံမှုကြမ်း ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် မတူညီသော အသိုက်အဝန်းများ၊ လူမျိုးစုများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ များစွာပါဝင်သော် လည်း တိုင်းဒေသကြီး/ပြည်နယ် နယ်နိမိတ်များနှင့် ပတ်သက်ပြီး သဘောတူညီချက်မရခဲ့ပေ။ ထို့နောက် ကျွမ်းကျင်သူများကို ခန့်အပ် ဖွဲ့စည်းထားသော ပြည်နယ် ပြန်လည်ဖွဲ့စည်းရေးကော်မရှင် (SRC) မှ ပြည်နယ်နယ်နိမိတ်များ သတ်မှတ်ရေးကို အဖြေရှာခဲ့ကြသည်။ ပထမ အကြိမ် ဖွဲ့စည်းထားသော ပြည်နယ်ပြန်လည်ဖွဲ့စည်းရေးကော်မရှင် (SRC) သည် ပြည်နယ် ၁၀ ခုပါသော ဖက်ဒရယ်ဖွဲ့စည်းပုံကို ၂၀၁၁ ခုနှစ်တွင် အကြံပြုပေးခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံ တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ် ပြီးမြောက်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခု (နောက်ပိုင်း ခုနစ်ခု) ထားရေး သဘောတူညီခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စ သဘောတူညီချက်တစ်ရပ်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ရရှိရေး ဒုတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံတွင် နိုင်ငံရေးပါတီအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များသည် အချင်းချင်းကြားတွင် အများအားဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဖက်ဒရယ်စနစ် နီပေါနိုင်ငံ၏ ပြည်နယ်သစ်များကို မြေပုံတွင် ပြသထားသည်။

နီပေါလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် အိန္ဒိယနှင့် နီပေါ၏ တောင်ဘက်နယ်စပ်ထိ ရှည်လျားသော တယ်ရိုင်း (Terai) မြေပြန့် လွင်ပြင်တွင် နေထိုင်ကြသည်။ တယ်ရိုင်းလူဦးရေ၏ ၇၀% သည် မက်ဒ်ဟက်စီ Madhesi (အိန္ဒိယမျိုးရိုး) နှင့် ထားရူ (Tharu) လူမျိုးစုများဖြစ်သည်။ တယ်ရိုင်းသည် နီပေါနိုင်ငံ၏ အဆင်းရဲဆုံး အစိတ်အပိုင်းများထဲမှ တစ်ခုဖြစ်ပြီး ရေအားလျှပ်စစ်ကို ထုတ်လုပ် နိုင်စွမ်းမရှိပေ။ တယ်ရိုင်းရှိ Madhesi နှင့် Tharu အဖွဲ့များသည် သူတို့ကိုယ်သူတို့ မြောက်ဘက်တောင်ကုန်းဒေသများမှ အခြား လူမျိုးစုများနှင့် ကွဲပြားသည်ဟုမြင်ကြသည်။ ၂၀၁၅ ခုနှစ်တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ပြည်နယ်နယ်နိမိတ်များကို ကြေညာပြီးနောက် တယ်ရိုင်းတွင် ဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် Madhesi နှင့် Tharu အများစုက မကျေနပ် ဖြစ်ကျန်ခဲ့ကြရချေသည်။



# နမူနာဖြစ်ရပ် လေ့လာချက်

# နီပေါ





## ၃.၆ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များ အခြေခံ သတ်မှတ်ပုံနှင့် နယ်နိမိတ်များ

မြန်မာနိုင်ငံ၏ လက်ရှိအုပ်ချုပ်ရေးဖွဲ့စည်းပုံစနစ်သည် နှစ်မျိုးစပ်ဖွဲ့စည်းပုံဖြစ်သည်။ တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်ပါက ပြည်နယ်များကို နယ်နိမိတ်သတ်မှတ်သည့် စံနှုန်းများသည် အတိုင်းအတာတစ်ခုအထိ ကွဲပြားခြားနားသည်။ ပြည်နယ်ခုနစ်ခုကို လူမျိုးစုအပေါ်အခြေပြုကာ ဖွဲ့စည်းထားပြီး ပြည်နယ်တစ်ခုစီအတွင်းရှိ ဗမာမဟုတ်သော အကြီးဆုံးလူမျိုးစုတစ်ခုစီကို အစွဲပြု၍ အမည်ပေးထားသည်။ တိုင်းဒေသကြီး ခုနစ်ခုစလုံးတွင်မူ ဗမာအများစုနေထိုင်ကြပြီး အခြားလူမျိုးများလည်းရှိနေပြန်သည်။ တိုင်းဒေသကြီးများ၏ ဧရိယာနှင့် နယ်နိမိတ်များသည် မြစ်များ သို့မဟုတ် တောင်များကဲ့သို့ ပထဝီဝင် အသွင်အပြင်များနှင့် စီးပွားရေးအရ သီးခြားရပ်တည်နိုင်မှုအပေါ် အခြေခံသည်။ သို့ရာတွင် လူမျိုးစုပြည်နယ်များ၏ နယ်နိမိတ်များကမူ နေထိုင်သော လူမျိုးစုများနှင့် အတိအကျ ကိုက်ညီခြင်း မရှိပြန်ပေ။ လူမျိုးစု အများစုသည် အခြားပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများတွင် နေထိုင်ကြသူများရှိကြသည်။ အကြီးဆုံးလူမျိုးစုကို အစွဲပြု၍ အမည်ပေးထားသည့် ပြည်နယ်များအတွင်း နေထိုင်ကြသည့် လူမျိုးစုငယ်များလည်းရှိသည်။ ထိုအဖွဲ့များထဲမှ အချို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရှိကြသေးသည်။

မြန်မာနိုင်ငံတွင်လူမျိုးစုအများအပြားသည် မိမိတို့ကို မိမိကိုယ်ပိုင် ဘာသာစကား၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆန္ဒများဖြင့် ကွဲပြားသော အမျိုးသားနိုင်ငံများဖြစ်သည်ဟု မြင်ကြသည်။ ၎င်းတို့၏ ဇာတိမြေအဖြစ် အခိုင်အမာသတ်မှတ်ထားသည့် ဒေသများကို သက်ဆိုင်ရာ ပြည်နယ်များအဖြစ် သတ်မှတ်ပေးပြီး တိုင်းရင်းသားလူမျိုးစု အခြေပြုဖက်ဒရယ်စနစ်ထားရှိကာ အသိအမှတ်ပြုသင့်သည်ဟု မကြာခဏ တောင်းဆိုလေ့ရှိကြသည်။ ၎င်းတို့သည် ၎င်းတို့၏ သမိုင်းစဉ်ဆက်နေထိုင်ခဲ့ရာ ဇာတိမြေကို ကိုယ်တိုင်စီမံခန့်ခွဲနေထိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ အချို့ဆိုလျှင် ပြည်သူ့ဝန်ဆောင်မှုများ၊ လုံခြုံရေးကိစ္စများကိုပင် ပြည်ထောင်စုအစိုးရ လက်အောက်မဟုတ်ဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြောင်း အခိုင်အမာပြောဆိုကြသည်။ ၎င်းတို့က ထိုအချက်များကို တရားဝင် အသိအမှတ်ပြုပြီး ဖက်ဒရယ်စနစ်တွင် ထည့်သွင်းလိုကြသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုအခြေပြု ဖက်ဒရယ်စနစ်ကို ဆန့်ကျင်သူအချို့ကမူ ထိုသို့ဆောင်ရွက်ပါက ကွဲပြားသော အသိုက်အဝန်းများကြား သဘောထားကွဲလွဲမှု ပိုမိုများပြားလာစေမည်ဟု ကန့်ကွက်ကြသည်။ လူမျိုးစုအခြေပြုပြည်နယ်များ အရေအတွက်ထက် လူမျိုးစုအုပ်စုများ အရေအတွက်က အလွန်ပိုများနေသည်။ တိုင်းရင်းသားလူမျိုးစုများကို အခြေပြုသော ဖက်ဒရယ်စနစ်သည် လူမျိုးစုကြီးများ ကြီးစိုးသော တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ လူနည်းစုများ ဖြစ်လာသည့် သေးငယ်သော တိုင်းရင်းသားအုပ်စုများကို ဘေးဖယ်ထုတ်သလို ပိုမိုဖြစ်စေနိုင်သည်။ လူမျိုးစုအခြေပြု ပြည်နယ်သစ်များ ထူထောင်ခြင်းသည် အခြားအုပ်စုများနှင့် တင်းမာမှုများ၊ ပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်သည်။

မြန်မာနိုင်ငံရှိ နယ်မြေအခြေပြု ဖက်ဒရယ်စနစ်ကို ထောက်ခံသူများကမူ တိုင်းရင်းသားများ လူမျိုးစုအရေးထက် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား လုပ်ဆောင်စေလိုကြပြန်သည်။ ၎င်းတို့သည် စီးပွားရေးအရ ရပ်တည်နိုင်စွမ်းရှိအောင်သာ တိုင်းဒေသကြီး/ပြည်နယ်၏ နယ်နိမိတ်များကို ရေးဆွဲသင့်သည်ဟု ဆိုကြသည်။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီသည် တိုင်းရင်းသားလူမျိုးစုတစ်ခုစီတို့ စုစည်းနေသည့် နယ်မြေတစ်ခုသာဖြစ်ရန်ထက် အခြေခံအဆောက်အဦ၊ သဘာဝအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်ပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လုံလောက်သော လူဦးရေရှိသော နယ်မြေများ ဖြစ်သင့်သည်ဟု ဆိုကြသည်။

အနာဂတ်ဖက်ဒရယ်စနစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက ပြည်နယ်များဖြစ်လာရန် ဆန္ဒရှိလာနိုင်ကြောင်း ထောက်ပြပြောဆိုမှုများလည်းရှိသည်။ သို့သော်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ပြည်နယ်အဆင့်မြှင့်တင်ပါက ၎င်းတို့တည်ရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများအတွင်း ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

အနာဂတ်ဖက်ဒရယ်စနစ်တွင် ပြည်နယ်အသစ်များ ကိစ္စကို စီမံခန့်ခွဲနိုင်သည့် နည်းလမ်းတစ်ခုမှာ ပြည်နယ်အသစ်များ ဖန်တီးမှုကို ခေတ္တသဘောတူ ဆိုင်းငံ့ထားခြင်းကဲ့သို့သော သဘောတူညီချက် သို့မဟုတ် လုပ်ငန်းစဉ်များပင်ဖြစ်လေသည်။ ဥပမာအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အသစ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များ




တည်ထောင်ပြီးနောက် နောက်ထပ်ပြည်နယ်သစ်များ ဖန်တီး ပြောင်းလဲခြင်း မပြုသေးမည့် ကာလမှာ ဆယ်နှစ်ဟု သတ်မှတ်ခြင်းမျိုး ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းက ဤဒေသများရှိ ဒေသခံများ နှင့် အလေးအနက် တိုင်ပင်ဆွေးနွေးရန်နှင့် ဖြစ်နိုင်ခြေရှိသည့် ကောင်းကျိုးဆိုးကျိုးများကို ထည့်သွင်းစဉ်းစားရန် အချိန်ပေးနိုင်မည် ဖြစ်သည်။

ဗမာတိုင်းဒေသကြီးခုနစ်ခုကို ဗမာပြည်နယ်တစ်ခုအဖြစ် ပေါင်းစည်းရန် အကြံပြုချက်များလည်းရှိသည်။ ဤအယူအဆကို ထောက်ခံသူများက ဗမာကြီးစိုးသော အောက်လွှတ်တော် (ပြည်သူ့ လွှတ်တော်) နှင့် နှိုင်းယှဉ်လျှင် အထက်လွှတ်တော် (အမျိုးသား လွှတ်တော်) ရှိ ပြည်နယ်များကြား တူညီသော ကိုယ်စားပြုမှုကို ပြည်ထောင်စုလွှတ်တော်တွင် ပိုရစေနိုင်သည်ဟု ငြင်းခုံကြသည်။ ယင်းသို့ထားရှိခြင်းက တိုင်းဒေသကြီး/ပြည်နယ်များကြားတွင် ဘဏ္ဍာငွေကို ပိုမိုမျှတစွာ ခွဲဝေသုံးစွဲရေးကိုပါ အထောက်ကူပြုကောင်း ပြုနိုင်ပေမည်။ သို့သော်လည်း အခြားတိုင်းရင်းသားများ ပြည်နယ်များ နှင့် နှိုင်းယှဉ်ပါက ပိုမိုကြီးမားလွန်းနေသည့် ပြည်နယ်ကြီးတစ်ခု ရှိခြင်းကလည်း မတည်မငြိမ်ဖြစ်စေနိုင်သည်။ ဖက်ဒရယ် ပြည်ထောင်စုစနစ်တွင် ကြီးမားသော 'လူမျိုးစုအလည်အူတိုင်' တစ်ခု ရှိနေခြင်းကလည်း ယခင်ယူဂိုဆလားဗီးယားနှင့် ဆိုဗီယက်တို့ကဲ့သို့သော နိုင်ငံအချို့ကို ပြိုကွဲစေခဲ့သည်။ ထို့အပြင် နိုင်ငံ့လူဦးရေနှင့် အရင်းအမြစ်များ အများစုရှိသော ပြည်နယ်ကြီးတစ်ခုသည် ပြည်သူ့ လွှတ်တော် (အောက်လွှတ်တော်) နှင့် ပြည်ထောင်စုလွှတ်တော် (ဗဟိုလွှတ်တော်) တို့ကိုလည်းကောင်း နိုင်ငံတစ်ဝန်းအုပ်ချုပ်ရေးအဖွဲ့ တို့ကိုလည်းကောင်း လွှမ်းမိုးထားနိုင်သည်။

မြန်မာနိုင်ငံရှိ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကွဲပြားသော လူမျိုးစုများ ပါဝင်လာစေသင့်ကြောင်း အချို့က အဆိုပြုကြသေးသည်။ သို့ဖြစ်ပါက ရေရှည်တွင် လူမျိုးရေး အခြေခံသော တင်းမာမှုများကို လျှော့ချနိုင်မည်ဟုဆိုကြသည်။ အထူးသဖြင့် ဖက်ဒရယ်နှင့် ဒီမိုကရေစီရေးရာ လှုပ်ရှားမှုများတွင် ပါဝင်သည့် လူငယ်များအကြားဝယ် လူမျိုးစုများအချင်းချင်း စည်းလုံးညီညွတ်မှု တိုးတက်လာခြင်းသည် ဤရှေ့သို့သွားရမည့် လမ်းကြောင်းအတွက် ဥပမာကောင်းအဖြစ် ရှုမြင်နိုင်သည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဖော်ပြပါမြေပုံအရ တိုင်းဒေသကြီး/ပြည်နယ်တို့၏ နယ်နိမိတ်စည်းနှင့် ပတ်သက်၍ မည်သည့်အချက်များကို သင်သတိပြုမိသနည်း။


CHINA
BHUTAN
INDIA
BANGLADESH
CHINA
N
VIETNAM
LAOS
THAILAND
CAMBODIA
MYANMAR
KACHIN STATE
Myitkyina
SAGAING REGION
Hakha
CHIN STATE
Sagaing
Mandalay
MANDALAY RGN
SHAN STATE
Taunggyi
Magway
MAGWAY REGION
RAKHINE STATE
Sittwe
Naypyidaw
Loikaw
KAYAH STATE
BAGO REGION
Bago
KAYIN STATE
AYEYARWADY RGN
YANGON RGN
Yangon
Pathein
Pa'an
MON STATE
Mawlamyine
Gulf of Martaban
Dawei
TANINTHARYI REGION
Bay of Bengal
Andaman Sea
Gulf of Thailand
Capital City
State/Region Capital
State/Region
Ethnic Groups
Burman
Chin
Kachin
Tai (Shan)
Other
1.Naga
2. Lahu
3. Akha
Burman and Shan
Karen
4. Pao
5. Kayan
6. Karenni
Mon-Khmer
7. Mon
8. Wa
9. Palaung
Karen and Burman
Burman and Mon-Khmer
Rakhine
0
100
200
400
km

# ၃.၇ ဖက်ဒရယ်ပုံစံ အာဏာခွဲဝေမှု

ဖက်ဒရယ်စနစ်များတွင် အာဏာခွဲဝေမှုကို အောက်ပါအချက်များက လွှမ်းမိုးထားသည်။

- ဖက်ဒရယ်စနစ်ကို မည်သို့ ဖွဲ့စည်းပုံဖော်ခဲ့ကြသည် ဆိုသည့်အချက်
- လုပ်ပိုင်ခွင့်အာဏာများသည် တိုင်းဒေသကြီး/ပြည်နယ် နယ်နိမိတ်ဖြတ်ကျော်သည့် အရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းရှိမရှိ
- လုပ်ပိုင်ခွင့်အာဏာများသည် နိုင်ငံတစ်ဝှမ်း တစ်သမတ်တည်း ဖြစ်စေရန် လိုအပ်သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းရှိမရှိ
- လုပ်ပိုင်ခွင့်အာဏာများတွင် အခြားနိုင်ငံများနှင့် ဆက်ဆံရေးဆိုင်ရာ ပါဝင်ခြင်းရှိမရှိ
- လုပ်ပိုင်ခွင့်အာဏာများကို တိုင်းဒေသကြီး/ပြည်နယ်မြေအတွင်း၌ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းရှိမရှိ
- တိုင်းဒေသကြီး/ပြည်နယ်များနှင့် ၎င်းတို့အစိုးရအသီးသီးတို့၏ စွမ်းဆောင်ရည်

ပုံမှန်အားဖြင့် ဖက်ဒရယ်ပြည်ထောင်စုအဆင့်သည် အခြားနိုင်ငံများနှင့် ဆက်ဆံရေးစသည့် နိုင်ငံတကာရေးရာ ဆက်သွယ်ဆောင်ရွက်နိုင်ခွင့်၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ကာကွယ်ရေးအခွင့်အာဏာကို ပိုင်ဆိုင်မည်ဖြစ်သည်။ ဖက်ဒရယ်အဆင့်တွင် ငွေကြေး သို့မဟုတ် ဝင်ငွေခွန်ကဲ့သို့သော တစ်နိုင်ငံလုံး တစ်သမတ်တည်းဖြစ်ရန် လိုအပ်သည့် ကိစ္စရပ်များအတွက်လည်း လုပ်ပိုင်ခွင့်အာဏာများ ရှိနိုင်သည်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကျင့်သုံးလုပ်ပိုင်ခွင့်အာဏာကမူ အမျိုးမျိုးရှိပေသည်။ အချို့သော ဖက်ဒရယ်နိုင်ငံများသည် တရားဥပဒေစိုးမိုးရေး၊ သဘာဝအရင်းအမြစ်များ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အာဏာများကို တိုင်းဒေသကြီး/ပြည်နယ်များကို ခွဲဝေပေးသည်။ အခြားသော ဖက်ဒရယ်စနစ်များသည် ဤအာဏာအများစုကို ဗဟိုအဆင့်တွင် ထိန်းသိမ်းထားသည်။ ဥပမာအားဖြင့်၊ အိန္ဒိယရှိ ပြည်နယ်အများစုတွင် အဆိုပါအာဏာများရှိပြီး မလေးရှားရှိ ပြည်ထောင်စုအဆင့်အစိုးရကမူ အဆိုပါ အာဏာအများစုကို ထိန်းချုပ်ထားသည်။

ဖယ်ဒရယ်စနစ်ထူထောင်ရခြင်း၏ အကြောင်းရင်းများကလည်း အာဏာများကို မည်ကဲ့သို့ ခွဲဝေသည်ဆိုသည့်အပေါ် လွှမ်းမိုးမှု ရှိနိုင်သည်။ အဓိကရည်ရွယ်ချက်သည် လူမျိုးစုအမျိုးမျိုး အတူယှဉ်တွဲနေထိုင်ရေးဖြစ်ပါက ပညာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှု မူဝါဒကဲ့သို့သော ကိစ္စရပ်များကို တိုင်းဒေသကြီး/ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးရန် အလားအလာပိုများပါသည်။ အဓိကရည်ရွယ်ချက်သည် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါက၊ သဘာဝ




သယံဇာတနှင့် အခွန်မူဝါဒကဲ့သို့သော ကိစ္စရပ်များအတွက် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို တိုင်းဒေသကြီး/ပြည်နယ်များအား ခွဲဝေချထားရန် ပို၍အရေးကြီးမည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံသည် ယခင်က ဗဟိုချုပ်ကိုင်မှု များပြားခဲ့ဖူးပါက ပြည်နယ်သစ် သို့မဟုတ် ရှိပြီးသား ပြည်နယ်များ၏ စွမ်းဆောင်ရည်သည် အာဏာခွဲဝေရာတွင် အရေးကြီးသော ထည့်သွင်းစဉ်းစားစရာကိစ္စတစ်ခု ဖြစ်ပါသည်။ အချို့သော လုပ်ပိုင်ခွင့်အာဏာများကို အပြည့်အဝမရယူမီ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များအတွက် အပိုရန်ပုံငွေ၊ လေ့ကျင့်ရေးနှင့် အသွင်ကူးပြောင်းရေးကာလ လိုအပ်ပါသည်။

လုပ်ပိုင်ခွင့်အာဏာကို ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်ကို ကျင့်သုံးစေသောမူ (Subsidiarity) သည် ဖက်ဒရယ်စနစ်များတွင် အာဏာခွဲဝေရေးအတွက် အရေးကြီးသောမူဖြစ်သည်။ တစ်နည်းအားဖြင့် ကိစ္စရပ်များကို အနီးဆုံးဒေသအဆင့်တွင်ရှိသော အုပ်ချုပ်ရေးမှ



ကိုင်တွယ်ဖြေရှင်းသင့်သည်ဟူသော မူဖြစ်ပါသည်။ ဒေသခွဲငယ်များရှိ နေထိုင်သူများကိုသာ သက်ရောက်မည့် ကိစ္စရပ်များကို ဒေသအာဏာပိုင်များက ကိုင်တွယ်သင့်ပြီး၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုလုံးအပေါ် သက်ရောက်မည့် ကိစ္စရပ်များကိုသာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ကိုင်တွယ်သင့်သည်။ နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအပေါ် သက်ရောက်မည့်ကိစ္စရပ်များ သို့မဟုတ် နိုင်ငံတကာတွင် သက်ရောက်မှုရှိသော ကိစ္စများကိုသာ ပြည်ထောင်စုအဆင့်အစိုးရမှ ကိုင်တွယ်သင့်သည်။ သို့မှသာ အစိုးရ၏ ဆုံးဖြတ်ချက်များကြောင့် သက်ရောက်မှုရှိသူများနှင့် ပိုမိုကောင်းမွန်စွာ ဆွေးနွေးတိုင်ပင်နိုင်မည်ဖြစ်ပေသည်။ ယင်းက အစိုးရပိုင်းတွင် ပါဝင်သူများကို ၎င်းတို့ ကိုင်တွယ်ဖြေရှင်းနေသော ပြဿနာများနှင့် ပတ်သက်ပြီး သေချာသိနားလည်စေသည်။ ထို့အပြင် ဆုံးဖြတ်ချက်တစ်ခု၏ အကျိုးအပြစ်ခံစားရမည့်သူများမှာ ယင်းမဲဆန္ဒနယ်မြေရှိ ဆုံးဖြတ်ချက်ချနိုင်သူများကို ကိုယ်တိုင်ရွေးချယ်ထားသည့် လူအများစုသာ ဖြစ်နေခြင်းက တာဝန်ယူမှု၊ တာဝန်ခံမှုကိုပါ တိုးစေသည်။

ဒေသအလျှောက်သင့်တော်၊ ဆီလျော်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း၊ ဒေသအခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်အောင် ဥပဒေများနှင့် မူဝါဒများ ထားရှိစေခြင်းက တိုင်းဒေသကြီး/ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အထောက်အကူဖြစ်စေပါသည်။ သို့သော်လည်း အချို့သော ဥပဒေများနှင့် မူဝါဒများကမူ နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအပေါ် သက်ရောက်မှုရှိမည် ဖြစ်သောကြောင့် ယင်းတို့ကို ပြည်ထောင်စုအဆင့်တွင် ဆုံးဖြတ်ချက်ချခြင်းက ပို၍ သင့်လျော်ပါသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုစနစ် ဒီဇိုင်းပုံစံရေးဆွဲရာတွင် အာဏာခွဲဝေမှုနှင့် ပတ်သက်၍ အရေးကြီးဆုံးအချက်များမှာ မည်သည်တို့ဖြစ်သည်ဟု သင်ယုံကြည်သနည်း။


## အာရှဒေသရှိ ဖက်ဒရယ်ပြည်ထောင်စု စနစ်များ၏ တိုင်းဒေသကြီး/ပြည်နယ်များကို အာဏာခွဲဝေမှု နှိုင်းယှဉ်ပြချက်

| လုပ်ပိုင်ခွင့် အာဏာများ | အိန္ဒိယ | ပါကစ္စတန် | မလေးရှား | နီပေါ | မြန်မာ | သီရိလင်္ကာ |
|---|---|---|---|---|---|---|
| တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး | ရှိ | ရှိ | မရှိ | ရှိ | မရှိ | ရှိ (အကောင်အထည် ဖော်ဆောင်မှု မပြုရသေး) |
| အဓိက သယံဇာတ အရင်းအမြစ်များ | ရှိ | ရှိ (ရေနံနှင့် တွင်းထွက် များမှအပ) | အရော စနစ် | ရှိ (သတ္တုတွင်း များကို မှုဝေ) | မရှိ (ခြွင်းချက် အချို့ရှိ) | ရှိ |
| မြေယာ | အရောစနစ် | ရှိ | ရှိ | ရှိ | မရှိ | ရှိ (အကောင်အထည် ဖော်ဆောင်မှု မပြုရသေး) |
| အခွန် ကောက်ခံမှုနှင့် အခွန်အခများ | ရှိ | ရှိ (အများစုကို ဗဟိုက ချုပ်ကိုင်) | မရှိ | ရှိ (အများစုကို ဗဟိုက ချုပ်ကိုင်) | ရှိ (အများစုကို ဗဟိုက ချုပ်ကိုင်) | ရှိ (အများစုကို ဗဟိုက ချုပ်ကိုင်) |
| ပညာရေး | မရှိ (အချို့ကို တစ်ပြိုင်နက် တည်း ကျင့်သုံး) | ရှိ (တစ်ပြိုင်နက်တည်း ကျင့်သုံး) | မရှိ | ဒေသန္တရ အုပ်ချုပ်ရေး အဆင့် | မရှိ | ရှိ |
| ကျန်းမာရေး | ရှိ | ရှိ | မရှိ | အရောစနစ် | မရှိ | ရှိ |
| ယဉ်ကျေးမှုနှင့် ဘာသာစကား | အသေးစိတ် မဖော်ပြထား | ရှိ | အရော စနစ် | တစ်ပြိုင်နက် တည်း ကျင့်သုံး | ရှိ (မရှိ သည်လည်း ဟုတ်) | ရှိ |

ကိုးကား – Jorge Martinez-Vasquez, ၂၀၁၁၊ ဘဏ္ဍာရေး ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်း (စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ မနီလာမြို့၊ နှာ–၃–၄။ Nixon, Joelene, Saw, Linn, & Arnold, ၂၀၁၃၊ အာရှဖောင်ဒေးရှင်း၊ ရန်ကုန်၊ ဇယား ၅၊ နှာ ၁၀။

# ၃.၈ ဖက်ဒရယ်စနစ် မြန်မာနိုင်ငံ၏ အာဏာခွဲဝေမှု

မြန်မာနိုင်ငံရှိ အချို့သော တိုင်းဒေသကြီး/ပြည်နယ်များ သို့မဟုတ် ယင်းတို့ အစိတ်အပိုင်းအချို့ကို သမိုင်းကြောင်းအရ လွတ်လပ်သော နယ်မြေများဖြစ်ခဲ့ကြသည်ဟု ရှုမြင်ကြသည်။ ထိုဒေသများတွင် နေထိုင်သူများသည် မြေယာနှင့် သယံဇာတများကို အစဉ်အဆက် ထိန်းချုပ်လာခဲ့ကြသည်။ ၎င်းတို့က ဗဟိုအစိုးရသည် နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ကုန်သွယ်မှုကဲ့သို့သော ကိစ္စများကိုသာ လုပ်ပိုင်ခွင့် အာဏာရှိသင့်သည်ဟု အခိုင်အမာဆိုကြသည်။



လုပ်ပိုင်ခွင့်အာဏာကို ဖြစ်နိုင်သမျှ အနိမ့်ဆုံးအဆင့်ကို ကျင့်သုံးစေသောမူ (subsidiarity) အတိုင်း လိုက်နာဆောင်ရွက်ရသည့်အခါ ပညာရေး သို့မဟုတ် သဘာဝအရင်းအမြစ်များကို အသုံးပြုခြင်းကဲ့သို့သော ဒေသဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်လျှင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် သတိကြီးစွာထား ဆောင်ရွက်ရမည့် ကိစ္စများဖြစ်သည်။ အချို့သော နယ်မြေများကို လူမျိုးစုလက်နက်ကိုင် အဖွဲ့များက ပြည်ထောင်စုအစိုးရ လက်အောက်ကမဟုတ်ဘဲ သီးခြားလွတ်လပ်စွာ အုပ်ချုပ်လာခဲ့ကြသည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအပါအဝင် ၎င်းတို့၏ လက်ရှိအုပ်ချုပ်ရေးများသည် အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုစနစ်တွင် အထောက်အကူ အစိတ်အပိုင်းအဖြစ် ပါဝင်နိုင်ပေသည်။ ဒေသဆိုင်ရာ သို့မဟုတ် ဖက်ဒရယ်အဆင့်တွင် ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ၏ကဏ္ဍ မည်သို့ရှိမည်ကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်သည်။

အခြားတစ်ဖက်တွင်မူ ဗဟိုအစိုးရသည် ရေတိုအားဖြင့် လုပ်ပိုင်ခွင့် အာဏာအများစုကို ဆက်လက်ထိန်းသိမ်းထားသင့်သည်ဟု အချို့က ယုံကြည်ကြသည်။ တိုင်းပြည်ကို စုစည်းထိန်းသိမ်းထားရန် လိုအပ်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ နိုင်ငံ၏ အချို့သော နယ်မြေများရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပိုမိုရယူလိုသော လူမျိုးစုလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများက ထိုကဲ့သို့ စုစည်းထိန်းသိမ်းထားသင့်သည့် အကြောင်းရင်းတစ်ခုဖြစ်သည်ဟု ၎င်းတို့က ရှုမြင်ကြသည်။ လက်ရှိစနစ်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင်လည်း ထိထိရောက်ရောက် လည်ပတ်ဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည် မရှိသေးဘဲ လက်ရှိအာဏာကို အပြည့်အဝ အသုံးမချနိုင်သေးကြောင်းကို ၎င်းတို့က ထောက်ပြပြောဆိုသေးသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံတွင် အောက်ပါလုပ်ပိုင်ခွင့် အာဏာတစ်ခုစီကို ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ မည်သည်က ရယူသင့်သနည်း၊ သို့မဟုတ်ပါက ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား မျှဝေသုံးစွဲရမည့် လုပ်ပိုင်ခွင့်အာဏာ ဖြစ်သင့်သလား။ အဘယ်ကြောင့်နည်း။

- တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး။
- သဘာဝအရင်းအမြစ်များ။
- အခွန်ကောက်ခံခြင်း။
- ပညာရေး။
- ကျန်းမာရေး။
- ဘာသာစကား။
- ယဉ်ကျေးမှု။
- ပတ်ဝန်းကျင်။




# ၃.၉ ရွေးကောက်ပွဲစနစ်များနှင့် ဖက်ဒရယ်ပုံစံ

ရွေးကောက်ပွဲစနစ်အမျိုးအစားသည် ဖက်ဒရယ်စနစ်အပေါ်တွင် သိသိသာသာ လွှမ်းမိုးမှုရှိသည်။ ဥပဒေပြုလွှတ်တော်တစ်ရပ်တွင် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားပြုပါဝင်နိုင်မည့် ကိုယ်စားလှယ် အရေအတွက်ကို ရွေးကောက်ပွဲများကျင်းပ၍ ခွဲဝေပေးသည်။ ဤသို့ ခွဲဝေခြင်းဖြင့် မည်သည့်ပါတီ သို့မဟုတ် ပါတီများမှ အစိုးရဖွဲ့ရန် လုံလောက်သည့် ကိုယ်စားလှယ်နေရာအရေအတွက် ရရှိသည်ကို ဆုံးဖြတ်ပေးသည်။ ဖက်ဒရယ်စနစ်အများစုတွင် တိုင်းဒေသကြီး/ ပြည်နယ်တို့၏ ဥပဒေပြုလွှတ်တော်များနှင့် ပြည်ထောင်စုအဆင့် ဥပဒေပြုလွှတ်တော်များတွင် ကိုယ်စားပြုမည့် အချို့သော သို့မဟုတ် အားလုံးသော ကိုယ်စားလှယ်များကို ရွေးကောက်ပွဲများမှတစ်ဆင့် ရွေးချယ်မည်ဖြစ်သည်။

ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲစနစ်များကို အများဆုံးရသူနိုင်စနစ် နှင့် အချိုးကျကိုယ်စားပြုစနစ်ဟူ၍ အဓိကအမျိုးအစားနှစ်မျိုး ခွဲခြားနိုင်သည်။ The first-past-the-post (FPTP) သည် အသုံး အများဆုံးဖြစ်သည့် မဲအများဆုံးရသူ အနိုင်ရသည့်ရွေးကောက်ပွဲ စနစ်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဤစနစ်ကို 'အနိုင်ရသူအားလုံးယူ' စနစ်ဟူ၍လည်း ခေါ်ဆိုကြသည်။ ဥပဒေပြုလွှတ်တော်တွင် ကိုယ်စားပြုတစ်နေရာ ရရှိမည့် အနိုင်ရကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိလာသည့် ကိုယ်စားလှယ်လောင်း ဖြစ်သည်။ ကိုယ်စားလှယ်လောင်း (၁) သည် မဲအားလုံး၏ ၅၁% ကို ရရှိပါက ရွေးကောက်ပွဲတွင် အနိုင်ရ၍ လွှတ်တော်တွင် ကိုယ်စားပြုတစ်နေရာကို ရရှိပေမည်။ ကျန်ရှိသည့် ၄၉% ကို ကိုယ်စားလှယ်လောင်း (၂) မှ ရရှိသော်လည်း လွှတ်တော်တွင် ကိုယ်စားပြုနေရာ ရရှိမည်မဟုတ်ပေ။ ထိုကျန်ရှိသည့် ဆန္ဒမဲ ၄၉% သည် မည်သည့် ကိုယ်စားလှယ်လောင်း သို့မဟုတ် နိုင်ငံရေးပါတီကိုမှ ရွေးချယ်ပေးနိုင်တော့မည် မဟုတ်ချေ။ FPTP ရွေးကောက်ပွဲစနစ်ကို အသုံးပြုသော ဖက်ဒရယ်နိုင်ငံများတွင် အိန္ဒိယ၊ မလေးရှားနှင့် အီသီယိုးပီးယားတို့ ပါဝင်သည်။

အချိုးကျကိုယ်စားပြုစနစ် (PR) တွင် မဲဆန္ဒပြုခြင်းသည် ဥပဒေပြု လွှတ်တော်တွင် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားပြုမည့် ကိုယ်စားလှယ်နေရာ အရေအတွက်ကို ခွဲဝေပေးခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် ပါတီတစ်ခုမှ ဆန္ဒမဲအားလုံး၏ ၂၉% ကို ရရှိပါက လွှတ်တော်ရှိ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၂၉% ကို ကိုယ်စားပြုခွင့်ရရှိမည်ဖြစ်သည်။ ရွေးကောက်ပွဲတစ်ခုပြီးသည့် နောက်တွင် ပါတီ (၁) မှ ၆၀%၊ ပါတီ (၂) မှ ၃၀% နှင့် ပါတီ (၃) မှ ၁၀% ရရှိပါက လွှတ်တော်တွင် ၎င်းအချိုးအစားအတိုင်းပင် ကိုယ်စားပြုအမတ်နေရာအသီးသီးရရှိမည်ဖြစ်သည်။ လွှတ်တော်သို့ တက်ရောက်မည့် အစဉ်လိုက်သတ်မှတ်ထားသည့် ပါတီကိုယ်စားပြု စာရင်း (an ordered party list) တွင် ပါဝင်မည့် အမတ်လောင်းများကို နိုင်ငံရေးပါတီများမှ ရွေးချယ်သည် သို့မဟုတ် ရွေးကောက်သည်။ ထိုအစဉ်လိုက် ပါတီကိုယ်စားပြုစာရင်းမှ ကိုယ်စားလှယ်လောင်း မည်ရွေ့မည်မျှ လွှတ်တော်သို့ တက်ရောက်ခွင့်ရခြင်းသည် ရွေးကောက်ပွဲတွင် ထိုပါတီရရှိမည့် မဲအချိုးအစားပေါ် မူတည်သည်။ အချို့သော PR စနစ်များတွင် လွှတ်တော်ရှိ ကိုယ်စားလှယ်နေရာများ အတွက် အရည်အချင်းပြည့်မီစေရန် ပါတီတစ်ခုမှ အနည်းဆုံးရရှိ ရမည့် မဲအရေအတွက် ရာခိုင်နှုန်းသတ်မှတ်ထားသည်။

PR စနစ်များသည် ပါတီငယ်များကို အခြားပါတီများနှင့် ညွန့်ပေါင်း ဖွဲ့စည်းနိုင်စေရန် အခွင့်အလမ်းများ ပိုမိုရရှိစေပါသည်။ အခြား ပါတီငယ်များနှင့် ပူးပေါင်း၍ ပိုမိုကြီးမားသော ညွန့်ပေါင်းဖွဲ့စည်းနိုင်



သကဲ့သို့ ပါတီကြီးတစ်ခုနှင့်လည်း အစိုးရဖွဲ့ရန် လက်တွဲနိုင်ပေသည်။ သို့ရာတွင် ပါတီကြီးများမှ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် ပါတီငယ်များ၏ ပူးပေါင်းမှုကို လိုအပ်သောအခါတွင်မူ ပါတီငယ်များသည် ‘အာဏာမျှခြေ’ ကို (power balance) ပိုင်ဆိုင်ထားသဖြင့် ၎င်းပါတီများ၏ အရွယ်အစားနှင့် နှိုင်းယှဉ်လျှင် များပြားလှသော ဩဇာလွှမ်းမိုးမှုရှိသွားနိုင်ပြန်သည်။ ထို့အပြင် PR ရွေးကောက်ပွဲစနစ်များရှိ နိုင်ငံရေးပါတီများမှ ရွေးချယ်ထားသော ပါတီကိုယ်စားပြုအမတ်လောင်းများသည် FPTP ရွေးကောက်ပွဲစနစ်များမှ ၎င်းတို့၏ မဲဆန္ဒနယ်များတွင် အမှန်တကယ်နေထိုင်သည့် အမတ်လောင်းများနှင့် နှိုင်းယှဉ်လျှင် မဲဆန္ဒရှင်များနှင့် ပတ်သက်ဆက်နွယ်မှု လျော့နည်းပေလိမ့်မည်။ PR ရွေးကောက်ပွဲစနစ်ကို အသုံးပြုသည့် ဖက်ဒရယ်နိုင်ငံများတွင် ဘရာဇီး၊ ဘယ်လ်ဂျီယံနှင့် တောင်အာဖရိကတို့ ပါဝင်သည်။

အချို့သော ရွေးကောက်ပွဲစနစ်များတွင် အများဆုံးရသူနိုင်စနစ်နှင့် အချိုးကျကိုယ်စားပြုမှုစနစ်တို့ နှစ်မျိုးနှစ်စားလုံး ရောနှောပါဝင်နေပေသည်။ ဥပမာအားဖြင့် မဲဆန္ဒရှင်များသည် ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်တစ်ဦးကို မဲပေးနိုင်သကဲ့သို့ ပါတီတစ်ခုကိုလည်း မဲပေးနိုင်သည်။ မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်ကို FPTP စနစ်ဖြင့် ရွေးကောက်ကာ ပါတီအတွက်ပေးသော မဲများမှာမူ နိုင်ငံရေးပါတီများအတွက် လွှတ်တော်တွင် အမတ်နေရာ အချိုးကျကိုယ်စားပြုမှုကို ရရှိစေသည်။ ဤစနစ်ကို တစ်ခါတစ်ရံတွင် ကိုယ်စားလှယ်စာရင်းအစဉ်လိုက် သတ်မှတ်ထားခြင်းမရှိသည့် အချိုးကျကိုယ်စားပြုစနစ် (MMP) ဟုလည်းခေါ်သည်။ ၎င်းကို ဂျာမနီနိုင်ငံ၏ ဖက်ဒရယ်စနစ်နှင့် ထိုင်းနှင့် နယူးဇီလန်အပါအဝင် ဖက်ဒရယ်မဟုတ်သည့် နိုင်ငံအချို့တွင်လည်း အသုံးပြုပါသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

အထက်တွင် ဖော်ပြထားသည့် ရွေးကောက်ပွဲစနစ်များအနက် မည်သည့်စနစ်ကို သင်ပို၍ နှစ်သက်ပါသနည်း။
အဘယ်ကြောင့်နည်း။

# ၃.၁၀ မြန်မာနိုင်ငံရှိ ရွေးကောက်ပွဲစနစ်များ

မြန်မာနိုင်ငံသည် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များအတွက် ကိုယ်စားလှယ်များကို ရွေးကောက်ရာတွင် FPTP စနစ်ကို အသုံးပြုသည်။ လွှတ်တော်အားလုံးအတွက်လည်း ရွေးကောက်ပွဲများကို တစ်ချိန်တည်းတွင် ကျင်းပပါသည်။ မြန်မာနိုင်ငံရှိ FPTP ရွေးကောက်ပွဲစနစ်သည် ၂၀၁၀ ပြည့်နှစ်တွင် USDP ပါတီနှင့် ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ်တွင် NLD ပါတီတို့ကဲ့သို့ နိုင်ငံအနှံ့ယှဉ်ပြိုင်နိုင်သည့် နိုင်ငံရေးပါတီကြီးအချို့ကို အသာစီးရစေတတ်သည့်သဘောရှိနေသည်။ ၎င်းပါတီများသည် နိုင်ငံတစ်ဝှမ်းရှိ မဲဆန္ဒနယ်များအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြပေသည်။ ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်နေရာ ၆၀ ရာခိုင်နှုန်းသည် ဗမာအများစုနေထိုင်ရာ ဒေသများတွင် တည်ရှိသောကြောင့် လွှတ်တော်၌ အခြားလူမျိုးများ၏ ကိုယ်စားပြုမှုနည်းပါးကြသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မတူညီသည့် လူမျိုးစုများကို ကိုယ်စားပြုသည့် ပါတီများကလည်း အချင်းချင်းယှဉ်ပြိုင်ကြသည်။

ဗမာမဟုတ်သော တိုင်းရင်းသားဒေသများတွင်ပင် ၎င်းတို့၏ မဲများကို အလဟဿမဖြစ်စေရန်အတွက် မဲဆန္ဒရှင်များက 'နိုင်ခြေအရှိဆုံး' ကိုယ်စားလှယ်လောင်းကို ရွေးချယ်စေရန် FPTP စနစ်သည် တွန်းအားပေးပေသည်။ ဤသည်က ပါတီကြီးများကို အသာစီးရစေသည်။ မြို့နယ်များ၏ လူဦးရေအရွယ်အစား ကွဲပြားမှုများသည်လည်း FPTP စနစ်ရှိ ကိုယ်စားပြုမှုအပေါ် သက်ရောက်မှုရှိသည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ရန်ကုန်တိုင်းဒေသ၏ အကြီးဆုံးဖြစ်သော မြို့နယ်တွင် မဲဆန္ဒရှင် ၄၀၀,၀၀၀ ကို ကိုယ်စားပြုနေပြီး ရန်ကုန်တိုင်းဒေသကြီး၏ အခြားမဲဆန္ဒနယ်တွင်မူ ကိုယ်စားလှယ်တစ်ဦးသည် လူဦးရေ ၁,၀၀၀ စွန်းစွန်းကိုသာ ကိုယ်စားပြုသည်။

ယခင်က မြန်မာနိုင်ငံတွင် PR စနစ်သို့ ပြောင်းလဲခြင်းကို ထောက်ခံအားပေးမှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် USDP ပါတီသည် ယင်း၏ အစိုးရသက်တမ်းအတွင်း ထိုသို့ပြောင်းလဲမှုကို လုပ်ဆောင်ရန် အဆိုတင်သွင်းခဲ့သော်လည်း နောက်ပိုင်း၌ ၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီ ၎င်းအဆိုကို ပယ်ချခဲ့သည်။ မြန်မာနိုင်ငံ၏ ကြီးမားသော လူမျိုးစုကွဲပြားမှုကြောင့် ပါတီငယ်များ။ လူမျိုးစုပါတီများအတွက် ကိုယ်စားလှယ်နေရာများ ပိုမိုခွဲဝေရရှိစေသော နည်းလမ်းတစ်ခုအဖြစ် PR စနစ်အား ရှုမြင်ခဲ့ကြသည်။ သို့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်တွင် တပ်မတော်က ကိုယ်စားလှယ်နေရာ ၂၅ ရာခိုင်နှုန်းရှိသဖြင့် PR သည် စစ်တပ် သို့မဟုတ် စစ်တပ်ကျောထောက်နောက်ခံပြုထားသော ပါတီငယ်များအရေအတွက်ကို တိုးမြှင့်စေနိုင်သည်။ ၎င်းစနစ်ကို အသုံးပြုပါက အခြားပါတီငယ်များအကြား အစိတ်အစိတ်အမွှာမွှာ ကွဲပြားခြင်းကို ဖြစ်စေနိုင်သည်။ PR စနစ်ဖြင့် လွှတ်တော်တွင် ကိုယ်စားလှယ်နေရာရနိုင်သည့် ပါတီငယ် သို့မဟုတ် လူမျိုးစုပါတီများသည် ညွန့်ပေါင်းဖွဲ့ရန် သို့မဟုတ် ပါတီကြီးများအဖြစ် ပေါင်းစည်းရန် လိုလားမှုများ လျော့နည်းသွားနိုင်ပေသည်။

မြန်မာ့နိုင်ငံရေးတွင် တပ်မတော်မပါဝင်သော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုစနစ်၌ PR သည် လွှတ်တော်များတွင် ပါတီငယ်များနှင့် တိုင်းရင်းသားပါတီများအတွက် ပိုမိုမျှတသော ကိုယ်စားလှယ်ခွဲဝေမှုကို အားပေးနိုင်သည်။ PR စနစ်အား MMP ပုံစံအချို့တွင် FPTP နှင့်အတူ အသုံးပြုမည်လား သို့မဟုတ် သီးသန့်အသုံးပြုမည်လားဟု မေးခွန်းထုတ်စရာရှိပါသည်။ ထို့အပြင် ရွေးကောက်ပွဲများကျင်းပရာတွင် PR စနစ်ကို ပြည်ထောင်စုလွှတ်တော်တစ်ရပ် သို့မဟုတ် နှစ်ရပ်လုံးအတွက် အသုံးပြုမည်လား၊ ပြည်ထောင်စုအဆင့်လွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်လွှတ်တော် နှစ်ဆင့်စလုံးအတွက် အသုံးပြုမည်လား သို့မဟုတ် အဆင့်တစ်ခုတည်းအတွက်သာ အသုံးပြုမည်လားဆိုသည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

### ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

ဖယ်ဒရယ်မြန်မာအတွက် မည်သည့်ရွေးကောက်ပွဲစနစ်အမျိုးအစား (FPTP, PR, MMP သို့မဟုတ် အခြား) ကို သင်နှစ်သက်ပါသနည်း။ အဘယ်ကြောင့်နည်း။

# ၃.၁၁ ဖက်ဒရယ်ပုံစံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ

ဘဏ္ဍာရေးလုပ်ပိုင်ခွင့် အာဏာများဟူသည် အခွန်များ၊ အခကြေးငွေများ သို့မဟုတ် မူပိုင်ခများ စသည်တို့ကို အစိုးရဘဏ္ဍာငွေ (အခွန်ဘဏ္ဍာများ) အဖြစ် စုဆောင်းခြင်းနှင့် အစိုးရအသုံးစရိတ်တို့ကို ရည်ညွှန်းသည်။ အစိုးရများသည် ၎င်းတို့စုဆောင်းရရှိသော ဝင်ငွေကို နိုင်ငံသားများအတွက် ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦများ အတွက် အသုံးပြုရသည်။ ဖက်ဒရယ်စနစ်တွင် ဤသို့အသုံးပြုခြင်းသည် ဝင်ငွေတိုးပွားစေရန်နှင့် မည်သို့မည်ပုံ သုံးစွဲရေး ဆုံးဖြတ်ရန် ဗဟိုနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရများက လုပ်ပိုင်ခွင့်အာဏာ မည်မျှရရှိထားသည့်အချက်ပေါ် မူတည်ပေသည်။ ဘဏ္ဍာရေးအာဏာများသည် ဖက်ဒရယ်စနစ်တစ်ခုလုံး၏ စီးပွားရေးအတွက် အရေးပါသလို တိုင်းဒေသကြီး/ပြည်နယ်များ ရနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတိုင်းအတာအတွက်လည်း အရေးကြီးသည်။

ဖယ်ဒရယ်စနစ်တွင် ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးသည် တူညီသောဝင်ငွေကို ကောက်ယူစုဆောင်းနိုင်မည် မဟုတ်ပေ။ အကြောင်းရင်းမှာ တိုင်းနှင့်ပြည်နယ်တို့တွင် မတူညီသော အရင်းအမြစ် အမျိုးအစားနှင့် ပမာဏ မတူညီသော ပထဝီ အနေအထားနှင့် လူဦးရေ အရွယ်အစားတို့ ရှိနိုင်၍ဖြစ်သည်။ သို့ဖြစ်၍ ဖက်ဒရယ်စနစ်များတွင် ‘ဘဏ္ဍာရေးဆိုင်ရာ တန်းတူညီမျှမှု’ (fiscal equalisation) ပုံစံအချို့ရှိတတ်သည်။ အချို့သော ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းမှ ကောက်ခံပြီး ပြည်ထောင်စုအစိုးရမှတစ်ဆင့် ကျန်တိုင်းဒေသကြီး/ပြည်နယ်အားလုံးသို့ ပြန်လည်ဖြန့်ဝေသည်။ ယင်းသို့ ပြုလုပ်ရခြင်းမှာ တိုင်းနှင့်ပြည်နယ်တစ်ခုစီသည် သက်ဆိုင်ရာ မိမိတိုင်း၊ ပြည်နယ်နေ နိုင်ငံသားများအား အခြေခံဝန်ဆောင်မှုများ ပေးဆောင်ရန်နှင့် လမ်းများ သို့မဟုတ် လျှပ်စစ်ဓာတ်အားကဲ့သို့သော အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် သို့မဟုတ် ထိန်းသိမ်းနိုင်ရန် ဖြစ်သည်။ ဝင်ငွေခွဲဝေသုံးစွဲရာတွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခြားနားသော ပျမ်းမျှလူဦးရေ အရွယ်အစားပေါ်မူတည်၍ ပုံသေနည်းများသုံး၍ တွက်ချက်သည်။ မကြာခဏဆိုသလို ဖက်ဒရယ်စနစ်တွင်ရရှိသော ဝင်ငွေခွဲဝေပေးရေးနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်များချမှတ်ရန် ဗဟိုဘဏ္ဍာရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းသည်။ ဘဏ္ဍာရေးကော်မရှင်များတွင် အများအားဖြင့် ဘဏ္ဍာရေးကျွမ်းကျင်သူများအပြင် ပြည်ထောင်စုအစိုးရမှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ကိုယ်စားလှယ်များပါဝင်သည်။

ဖက်ဒရယ်စနစ်များတွင် သဘာဝသယံဇာတများ ထုတ်ယူခြင်းမှ ရရှိသောဝင်ငွေကို အများအားဖြင့် ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ခွဲဝေလေ့ရှိသည်။ သဘာဝအရင်းအမြစ်များမှ ရရှိသောဝင်ငွေ လွှဲပြောင်းမှုများကို ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရနှစ်ခုကြားတွင် စီစဉ်နိုင်သည် သို့မဟုတ် အစိုးရအဆင့်နှစ်ရပ်စလုံးမှ အခွန်များ၏ အပိုင်းတစ်ခုအနေဖြင့်လည်း ကောက်ယူနိုင်သည်။ မတူညီသော အစိုးရအဆင့်များတွင်လည်း မတူညီသော သဘာဝအရင်းအမြစ်များမှ ဝင်ငွေရရှိရန် လုပ်ပိုင်ခွင့်များရှိသည်။ ဥပမာအားဖြင့် မလေးရှားတွင် သတ္တုတူးဖော်မှုအတွက် နိုင်ငံခြားကုမ္ပဏီများမှ ပေးဆောင်သည့် အခကြေးငွေများကို ပြည်နယ်အစိုးရများက ကောက်ခံပြီး ရေနံထုတ်ယူမှုအတွက် ပေးဆောင်ရသည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရက ကောက်ခံသည်။



**ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း**

ဖက်ဒရယ်ပုံစံရေးဆွဲရာတွင် ဘဏ္ဍာရေးဆိုင်ရာ အာဏာများ အရေးကြီးရခြင်း အကြောင်းပြချက်များက မည်သည့် အရာများ ဖြစ်သည်ဟု သင်ယုံကြည်ပါသနည်း။

# ၃.၁၂ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရသည် အခွန်ကောက်ခံခြင်း၊ ဖြန့်ဝေခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအများစုကို ဆက်လက်ထိန်းသိမ်းထားသည်။ ယင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သယံဇာတ ထုတ်ယူမှုမှရရှိသည့် ဝင်ငွေအများစုပါဝင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် သဘာဝသယံဇာတ အနည်းငယ်အပေါ် အခွန်ကောက်ခံရန် အကန့်အသတ်ရှိသော လုပ်ပိုင်ခွင့်အာဏာများ ရရှိထားသည်တော့ရှိပေသည်။ ထိုအချက်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၅ တွင် ဖော်ပြထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ သဘာဝသယံဇာတအပေါ် အခွန်ကောက်ခံပိုင်ခွင့်အာဏာတို့တွင် အသေးစားတူးဖော်မှုမှ အခွန်အခများ၊ သစ်တောထွက်ပစ္စည်းအချို့၊ ကျောက်၊ သဲ၊ မြေနှင့် ရေတို့ပါဝင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် လမ်းအသုံးပြုခများ၊ မိမိပြည်နယ်/တိုင်းဒေသကြီးပိုင် အိမ်ရာအဆောက်အဦများ ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးပိုင် စီးပွားရေးလုပ်ငန်းများမှ အမြတ်ငွေများ စသည့်တို့ကို ကောက်ယူခွင့်ရှိသည်။

ပြည်ထောင်စုအစိုးရသည် သတ္တုတွင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သစ်ကဲ့သို့သော အဓိကသယံဇာတထုတ်ယူသည့် လုပ်ငန်းများမှ ဝင်ငွေအများစုကိုရရှိသည်။ ဤပိုကြီးသော ဝင်ငွေဝေစုတွင် နိုင်ငံခြား စီးပွားရေးလုပ်ငန်းများမှ ထုတ်ယူထားသော အရင်းအမြစ်များကို ရောင်းချခြင်းမှရသော အခွန်များ၊ လိုင်စင်ကြေးများနှင့် ဝေစုများ ပါဝင်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများကား ၎င်းတို့၏ အသုံးစရိတ်များ ပြည့်မီရန် လုံလောက်သောဝင်ငွေ မရရှိခဲ့ပေ။ ၎င်းတို့သည် ပြည်ထောင်စုအစိုးရထံမှ ဘဏ္ဍာငွေလွှဲပြောင်းမှုအပေါ် မှီခိုခဲ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သုံးစွဲငွေ၏ ၆၅ ရာခိုင်နှုန်းခန့်ကို ပြည်ထောင်စုအစိုးရထံမှ လွှဲယူရရှိခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ သုံးစွဲမှုအများဆုံး နယ်ပယ်များမှာ လမ်းများဖောက်လုပ်ခြင်းနှင့် လျှပ်စစ်မီးရရှိရေးအတွက် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းဖြစ်သည်။

ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသို့ ရန်ပုံငွေ ခွဲဝေမှုကို ဘဏ္ဍာရေးကော်မရှင်တစ်ရပ်က ကြီးကြပ်ကွပ်ကဲသည်။ ယင်းဘဏ္ဍာရေးကော်မရှင်တွင် နိုင်ငံတော်သမ္မတ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဥပဒေချုပ်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုမှ ဝန်ကြီးချုပ်များ ပါဝင်သည်။ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၏ တောင်းဆိုမှုအရ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များက ဘတ်ဂျက်အဆိုပြုလွှာများကို ဆွေးနွေးပြင်ဆင်ကြပြီး ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်ထံ တင်ပြကြသည်။ ထို့နောက် ဘဏ္ဍာရေး



▲ မြန်မာ့ကျွန်းသစ်များ

ကော်မရှင်သည် ဘတ်ဂျက်များကို ပြန်လည်သုံးသပ်ပြီး ၎င်းတို့အား ပြည်ထောင်စုဘတ်ဂျက်တွင် ပေါင်းစည်းသည်။ ထို့နောက် ပြည်ထောင်စုဘတ်ဂျက်ကို ပြန်လည်သုံးသပ်ရန် ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့သည်။ ထို့နောက် နိုင်ငံတော်သမ္မတက အတည်ပြုသည်။



မြန်မာနိုင်ငံ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲရေးနှင့် ၎င်းတို့မှရရှိသော ဝင်ငွေများနှင့် စပ်လျဉ်းသော သဘောတူညီချက်လိုအပ်သည်။ မတူညီသော ဒေသများတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုများ၊ သစ်တောများနှင့် မြစ်များကဲ့သို့သော အရင်းအမြစ်အမျိုးအစားနှင့် ပမာဏကွဲပြားသည်။ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ဗဟိုသို့သွားသော ဝင်ငွေ အချိုးအစားနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဝင်ငွေကို မျှမျှတတ ခွဲဝေပေးသည့် လုပ်ငန်းစဉ်များသည် ကိုင်တွယ်ဖြေရှင်း ရမည့် ကိစ္စရပ်များတွင်ပါဝင်သည်။



ဖက်ဒရယ်တိုင်းဒေသကြီး/ပြည်နယ်များသည် ၎င်းတို့၏ နယ်မြေ များရှိ အရင်းအမြစ်များနှင့် ဝင်ငွေများကို ပိုမိုစီမံထိန်းချုပ်လိုကြ ပေလိမ့်မည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေများသည်လည်း ဒေသန္တရပတ်ဝန်းကျင် ကာကွယ်ရေးကို အားကောင်းစေမည့်အပြင် ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်ခွင့်နှင့် ဒေသခံလူထု၏ အရင်းအမြစ်အချို့ကို လက်ရှိစီမံခန့်ခွဲပုံတို့ကို အသိအမှတ်ပြုနိုင်လာမည်ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ် နယ်နိမိတ်ကိုဖြတ်သော မြစ်များ သို့မဟုတ် သစ်တောများကဲ့သို့သော သယံဇာတပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ယင်းတိုင်းဒေသကြီး/ပြည်နယ်အစိုးရတစ်ခုစီမှ ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီကဲ့သို့သော အဖွဲ့တစ်ဖွဲ့ လိုအပ်ပါသည်။ ပါဝင်သော တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးသည် ၎င်းတို့၏ အရင်းအမြစ်ကြွယ်ဝမှု အတိုင်းအတာတွင် ကွဲပြားမည်ဖြစ်သောကြောင့် ဝင်ငွေပြန်လည်ခွဲဝေရေး ဖက်ဒရယ်စနစ် တစ်ရပ်လည်း လိုအပ်မည် ဖြစ်ပါသည်။

## ဆွေးနွေးခြင်း/ပြန်လည်သုံးသပ်ခြင်း

မြန်မာနိုင်ငံတွင် မည်သည့် ဘဏ္ဍာငွေ အရင်းအမြစ်များ (မည်သည့် သဘာဝအရင်းအမြစ်များ၊ အခွန်များ၊ ငှားရမ်းခများ၊ ဖြတ်သန်းခ၊ အခကြေးငွေ၊ လိုင်စင်များ စသည်) ကို ဗဟို သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများထံ လွှဲအပ်သင့်သည် သို့မဟုတ် တစ်နည်းနည်းဖြင့် မျှဝေသင့်သည်ဟု သင်ယုံကြည်ပါ သနည်း။





# အခန်း (၃) ဖတ်ရှုပြီးနောက် စဉ်းစားရန်

၁။ ဖက်ဒရယ်စနစ်သစ် ပေါ်ပေါက်လာစေရန်အတွက် မည်သည့် လုပ်ငန်းစဉ်ကို ပိုမို သဘောကျသနည်း (သို့) အကြံပြုလိုသနည်း။

၂။ ထိုလုပ်ငန်းစဉ်တွင် မည်သို့သောသူများ (သို့) အဖွဲ့အစည်း အမျိုးအစားများ ပါဝင်သင့်သည်ဟု သင်ယုံကြည်ပါသနည်း။ အဘယ်ကြောင့်နည်း။ မည်သို့နည်း။

# ဖက်ဒရယ်စနစ်
# အနှစ်ချုပ်

ဤစာအုပ်ငယ်သည် ဖက်ဒရယ်စနစ်၏ အဓိက အစိတ်အပိုင်းများကို အကျဉ်းချုံး မိတ်ဆက်ပေးထားသည်။ တောင်အာရှနှင့် အရှေ့တောင်အာရှရှိ ဖက်ဒရယ်စနစ်၊ မြန်မာနိုင်ငံ၏ နောက်ခံအခြေအနေ အဆက်အစပ်တို့တွင် နမူနာလေ့လာချက်တို့ကိုလည်း လေ့လာထားပါသည်။

ပထမအခန်းတွင် တစ်ပြည်ထောင်စနစ်နှင့် ဖက်ဒရယ်စနစ်များကြား ခြားနားချက်၊ အစိုးရ၏ မဏ္ဍိုင်များစသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်များ၏ မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းအချို့၊ အာဏာခွဲဝေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် အစိုးရအဆင့်များအကြား အာဏာခွဲဝေခြင်းတို့ကို ဆွေးနွေးထားသည်။

ဒုတိယအခန်းတွင် အချို့သော နိုင်ငံများ၏ ဖက်ဒရယ်စနစ်ဆီသို့ ဦးတည်ရာ လမ်းကြောင်းများကို လွှမ်းမိုးမှုရှိသည့် အကြောင်းရင်းများကို လေ့လာခဲ့သည်။ ၎င်းတို့တွင် ယခင်အင်ပါယာနှင့် ဘုရင့်နိုင်ငံများကဲ့သို့သော သမိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ၊ ရွှေ့ပြောင်းနေထိုင်မှုပုံစံများ၊ ကိုလိုနီပြုခြင်း၊ လွတ်လပ်ရေးရခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အယူအဆတို့ပါဝင်သည်။ ဤအချက်များ အတူပေါင်းစည်းကာ သို့မဟုတ် အတူထိန်းစုကာ ဖက်ဒရယ်များ ဖြစ်ပေါ်လာသည့်အပေါ် မည်ကဲ့သို့ လွှမ်းမိုးခဲ့သည်ကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။

တတိယနှင့် အရှည်ဆုံးအခန်းသည် ဖယ်ဒရယ်စနစ် ဒီဇိုင်းတွင်ရှိသည့် အဓိက ကိစ္စရပ်များကို စူးစမ်းလေ့လာခဲ့သည်။ ဤကိစ္စရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းနှင့် ညှိနှိုင်းခြင်း၊ အမှတ်အသားလက္ခဏာနှင့် နိုင်ငံသားဖြစ်ခြင်း၊ အာဏာခွဲဝေခြင်း၊ တိုင်းပြုပြည်ပြုနယ်မြေများ၏ အခြေတည်ရာများနှင့် နယ်နိမိတ်များ၊ ရွေးကောက်ပွဲစနစ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များ ပါဝင်သည်။

# ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် ကျန်ရှိနေသေးသော မေးခွန်းများ

**ယေဘုယျအားဖြင့် စဉ်းစားရမည့် ဖက်ဒရယ်စနစ်နှင့် ပတ်သက်သော နောက်ထပ်မေးခွန်းအချို့မှာ -**

- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်နှစ်ခုအကြား မည်သည့်နည်းလမ်းများဖြင့် ဆက်စပ်နေသည်ဟု သင်ထင်သနည်း။
- ဖက်ဒရယ်စနစ်များသည် လူများစု မဟုတ်သော အုပ်စုများ၏ အခွင့်အရေးများကို ကာကွယ်နိုင်သည့် နည်းလမ်းအချို့မှာ မည်သည်တို့ဖြစ်သနည်း။
- ဖယ်ဒရယ်စနစ်ရှိ တိုင်း/ပြည်နယ်တစ်ခုတွင် လူများစုဖြစ်သည့် လူမျိုးစုတစ်စု ရှိသင့်သည်ဟု ထင်ပါသလား၊ သို့မဟုတ် မတူညီသော အုပ်စုများ ပိုမိုမျှတစွာ ရောနှော ပါဝင်သင့်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

**ဖက်ဒရယ်စနစ်နှင့် မြန်မာနိုင်ငံအကြောင်း ထည့်သွင်းစဉ်းစားရမည့် နောက်ထပ် မေးခွန်းအချို့မှာ -**

- ဖက်ဒရယ်စနစ်ဆီသို့ သွားရာ မြန်မာ့ဒီမိုကရေစီလမ်းကြောင်းအပေါ် သမိုင်းဆိုင်ရာ သက်ရောက်မှုများတွင် မည်သည့်အချက်များသည် အရေးအကြီးဆုံး ဖြစ်သည်ဟု သင်ယုံကြည်သနည်း။ အဘယ်ကြောင့်နည်း။
- မြန်မာနိုင်ငံသည် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုတစ်ခု ဖြစ်လာပါက ဖြစ်နိုင်ခြေရှိသော ကောင်းကျိုးအချို့မှာ မည်သည်တို့ ဖြစ်သနည်း။
- မြန်မာနိုင်ငံအတွက် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ်၏ ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးအချို့မှာ မည်သည့်အရာများ ဖြစ်နိုင်သနည်း။
- မြန်မာနိုင်ငံသည် ၎င်း၏ လက်ရှိ ဖွဲ့စည်းပုံအား ဆက်လက်ထိန်းသိမ်းထားသင့်သည် သို့မဟုတ် အနာဂတ် ပြည်ထောင်စုစနစ်တွင် ပိုမိုများပြားသော (သို့မဟုတ် နည်းပါးသော) တိုင်း/ပြည်နယ်များအရေအတွက် ရှိသင့်သည်ဟု သင်ယုံကြည်ပါသလား။ အဘယ်ကြောင့်နည်း။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ လက်ရှိ သို့မဟုတ် ဖြစ်လာနိုင်ခြေရှိသော တိုင်း/ပြည်နယ်အားလုံးသည် ဖက်ဒရယ် ပြည်ထောင်စုအတွင်း ဆက်လက်ရှိနေသင့်သလား။ အခြားရွေးချယ်စရာ ဖြစ်နိုင်ခြေများ ရှိနိုင်သေးသလား။
- မြန်မာနိုင်ငံတွင် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုစနစ် ဖော်ဆောင်ရန် အကြီးမားဆုံး စိန်ခေါ်မှုများကား အဘယ်နည်း။ အဘယ်ကြောင့်နည်း။

## ကျေးဇူးတင်လွှာ

ဖက်ဒရယ်စနစ်အခြေခံများစာအုပ်သည် မြန်မာနိုင်ငံ၏ ဖက်ဒရယ်စနစ်အပေါ် လူထုအမြင်စစ်တမ်းကောက်ခြင်း (deliberative polling ပရောဂျက်) တွင် ပါဝင်သူများအတွက် Michael Breen, ခင်ဇော်ဝင်းနှင့် Baogang He တို့ ရေးသားသော သတင်းအချက်အလက် စာအုပ်ငယ်မှ ဆီလျော်အောင် ချဲ့ထွင်ရေးသားထားပါသည်။

သီရိလင်္ကာ (နှာ–၂၂)၊ နီပေါ (နှာ–၄၄) နှင့် မြန်မာ (နှာ–၄၉) နိုင်ငံတို့၏ မြေပုံများကို ပြန်လည်ထုတ်ဝေခွင့်ပြုသည့်အတွက် Kirke Narusk နှင့် Michael Breen အား ကျေးဇူးတင်ရှိပါသည်။

ဖက်ဒရယ်ပညာရေး မြန်မာအင်စတီကျူသည် အစောပိုင်းမူကြမ်းများနှင့် ပတ်သက်၍ ၎င်းတို့၏ အကူအညီပေးမှုနှင့် အကြံပြုချက်များအတွက် Michael Breen နှင့် ဦးခင်ဇော်ဝင်းတို့အား အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။